ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ ထန်ခူးထဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (24 - 4 - 2013) (၇၄၆၀)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စာနာထောက်ထားကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဧပြီ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည် မြေငလျင်ကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည် မြေငလျင်ကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏတိုးတက်အောင် ဆောင်ရွက်လို၊ အနာဂတ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေပြီဖြစ်

စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းသွားမည်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယုဒိုယိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမနီဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ၁၉၄၉ ခုနှစ်မှစတင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်လိုပါကြောင်း၊ ၂၀၁၂ ခုနှစ် မေလတွင်သွားရောက်ခဲ့သည် မိမိ၏ အင်ဒိုနီးရှားနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ တိုးမြှင့်ရန် သဘောတူခဲ့ကြောင်း၊ ယခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ဒေါ်လာသန်း ၄၇၀ ရှိနေပြီဖြစ်၍ ပိုမိုတိုးတက်အောင် ဆောင်ရွက်လိုပါကြောင်း။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းများအရ မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားကုမ္ပဏီ ၁၂ ခုမှ အမေရိကန်ဒေါ်လာ ၂၄၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရှိရကြောင်း၊ အနာဂတ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများ ရှိနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

အကျဉ်းသား၊ အကျဉ်းသူ ၉၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၂၃

အကျဉ်းထောင်၊ အလုပ်စခန်းများတွင် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည် နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ ၉၀ နှင့် နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ သုံးဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၉၃ ဦးတို့အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က)နှင့်အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ ၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူတို့အား ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

သတ္တမမြောက်ဆင်ဖြူရတနာ ဟေမဝတီမှ ဆင်ငယ်မွေးဖွား

နေပြည်တော် ဧပြီ ၂၃

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်၌ ဧပြီ ၁၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် သတ္တမမြောက်ဆင်ဖြူရတနာ ဟေမဝတီမှ ဆင်ငယ်တစ်စီးကို မွေးဖွားခဲ့သည်။

သတ္တမမြောက် ဆင်ဖြူရတနာ ဟေမဝတီသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာအုပ်စု အန်း၌ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပေါ်ထွန်းခဲ့သည်။ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်သို့ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရောက်ရှိခဲ့သည်။ ပေါ်ထွန်းစဉ်ကပင် တောတွင်းမှ သန္ဓေတည်လာနိုင်ကြောင်း ဆင်ဆေးကုဆရာဝန် ဒေါက်တာဝမ်ထွန်းနှင့်အဖွဲ့က သုံးသပ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး လိုအပ်သော စစ်ဆေးစမ်းသပ်မှုများ ဆောင်ရွက်ခဲ့သည်။ ခန့်မှန်းကိုယ်ဝန် ၂၂ လခန့်တွင် ယခုဆင်ငယ်ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

မွေးဖွားလာသော ဆင်ငယ်မှာ အထီးဖြစ်ပြီး ကိုယ်ခန္ဓာအမည်းရောင်၊ မျက်လုံးအနက်ရောင်၊ အမြီးတခါးပိတ်၊ နားလတ်၊ ငှက်ပျောကိုင်းပုံကျောကုန်း၊ ရှေ့ခြေသည်း ငါးခု၊ နောက်ခြေသည်းလေးခု၊ အရပ်အမြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

MTG ၏ မိတ်ဖလှယ်... ၊ ...

MYANMAR TECHNOLOGY GATEWAY မိသားစု

.mm domain | Share Hosting & VPS | Powerful Email | SAMSUNG Computer Sale & Service | Software & Solution | Wireless Solution

www.mtg.biz.mm No 560, Kabaraye Pagoda Road, Mayangone Tsp., Yangon, Myanmar Tel: 01-657852, 01-657853, 01-518891~3

အတွေးအမြင်

ကြေးမုံ စာတည်း ရှေ့ထောင့် — ၂၄-၄-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

ကုန်စည်ပို့ဆောင်ရေး အရေးပါ

မြန်မာနိုင်ငံတွင် တွင်းထွက်သယံဇာတနှင့် စိုက်ပျိုးသီးနှံများ အမြောက်အမြားရှိသည်။ ထွက်ရှိသည့် တွင်းထွက်ပစ္စည်းနှင့် စိုက်ပျိုးသီးနှံများ ပေါများကြွယ်ဝလှသဖြင့် ပြည်တွင်းသုံးစွဲရန်သာမက ပြည်ပသို့ပါ တင်ပို့လျက်ရှိသည်။

ကိုလိုနီခေတ်က မြန်မာနိုင်ငံ၏ အဓိကပို့ကုန်မှာ ဆန်နှင့် ဆန်ထွက်ပစ္စည်းဖြစ်သည်။ ဒုတိယအများဆုံးပို့ကုန်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဖြစ်သည်။ တတိယအများဆုံးပို့ကုန်မှာ ကျွန်းသစ်ဖြစ်သည်။ အကြီးစား၊ အလတ်စား၊ အသေးစားစက်ပစ္စည်းများ၊ အစားအသောက်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို အာရှ၊ ဥရောပ၊ အမေရိကရှိ နိုင်ငံကြီးများထံမှ တင်သွင်းသည်။

လွတ်လပ်ရေးမရခင်က သွင်းကုန်ထက် ပို့ကုန်ပမာဏများပြားပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ ပို့ကုန်ထက် သွင်းကုန်ပမာဏများပြားခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်ရောက်သောအခါ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများအား တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်က အဓိကအားထားရသည့်နေရာမှာ ရန်ကုန်ဆိပ်ကမ်းဖြစ်သည်။ လက်ရှိကာလအထိ ရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောကြီး ၁၈ စင်းဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၈ စင်း ရှိသည်။

မျက်မှောက်ကာလ၌ မြန်မာနိုင်ငံ၏စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများမှာ ယခင်ကထက်ပိုမိုကျယ်ပြန့်လာသဖြင့် ရန်ကုန်ဆိပ်ကမ်းထွင် ဆိပ်ခံတံတား ၁၈ ခုနှင့် သင်္ဘော ၁၈ စင်းဖြင့် မထုံထောက်ထော့သည်ကို တွေ့ရသည်။

ထို့ကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောကြီး ၁၄ စင်း တပ်မံ ဝင်၊ ထွက် ဆိုက်ကပ်နိုင်သည့် ရန်ကုန်ဆိပ်ကမ်းတိုးချဲ့တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်တော့မည်ဖြစ်၍ နောင်ကာလတွင် ဆိပ်ခံတံတား စုစုပေါင်း ၃၂ စင်းနှင့် နိုင်ငံခြားသင်္ဘောကြီး ၃၂ စင်းအထိ ဆိုက်ကပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းထွင် တန်ချိန် ၂၀၀၀၀ အထက် သင်္ဘောကြီးများ ဝင်၊ ထွက် ဆိုက်ကပ်နိုင်ရေးအတွက်ပါ စီမံဆောင်ရွက်နေသဖြင့် ကုန်ကိုင်တွယ်မှုနှင့် ဆိပ်ကမ်းဝင်ငွေ နှစ်ဆတိုးတက်လာထော့မည်ဟု ယုံကြည်ပါသည်။ ဆိပ်ကမ်းများသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော ထုပ်ငန်းများဖြစ်ရာ နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ကုန်တင်၊ ကုန်ချလုပ်ငန်းများကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်သွားကြရန်လိုအပ်ပေသည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိရှိ ပို့ကုန်၊ သွင်းကုန်များကို တိုးမြှင့်ကိုင်တွယ်နိုင်ရန်အတွက် ရန်ကုန်ထိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသတွင် ရေယာဉ် ၃၇ စင်း ဆိုက်ကပ်နိုင်သည့် ဆိပ်ခံ ၃၇ ခုဖော်ထုတ်ခဲ့ရာ ယခုအခါ ဆိပ်ခံတံတား ၃၀ ဆောင်ရွက်ပြီးသွားပြီဟု သိရသည်။

ထို့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းတို့ကိုလည်း အကောင်အတည်ဖော်လျက်ရှိရာ နောင်ကာလတွင် အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံသည် ဆိပ်ကမ်းထုပ်ငန်းများ၌ အဓိကအရေးပါသောနေရာသို့ရောက်ရှိလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပေမည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေစွာဖြင့် ကူးသန်းရောင်းဝယ်မှုတွင် အဓိကကျသော ဆိပ်ခံတံတားများကို တိုးချဲ့အကောင်အထည်ဖော်လျက်ရှိရာ မများမကြာမီကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှာ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

ကုန်စည်ဒိုင်များ ဖွင့်လှစ်၊ ကြက်သွန်ဖြူဈေးနှုန်းများ မြင့်တက်

ရန်ကုန် ဧပြီ ၂၃

ကုန်စည်ဒိုင်စတင်ဖွင့်လှစ်သည့်နေ့၊ ဘဏ်များလည်း စတင်ဖွင့်သည့် ဧပြီ ၂၂ ရက် (တနင်္လာနေ့) တွင် ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းများ တစ်ပိဿာလျှင် ကျပ်ငါးရာဝန်းကျင် ဈေးနှုန်းမြင့်တက်လာပြီး ပြည်ပမှ တင်သွင်းသော ကြူကုတ်ကြက်သွန်ဖြူ ဈေးနှုန်းထက် မြင့်လာကြောင်း၊ စားအုန်းဆီဈေးနှုန်း အကျဘက်သို့ ဦးတည်နေကြောင်း၊ ကြက်သွန်နီ လှောင်လက်ဝယ်ချိန်ဖြစ်သဖြင့် ဈေးနှုန်း အနည်းငယ်မြင့်တက်ပြီး အာလူးမှာ အဝင်များသော်လည်း ဈေးနှုန်း အမြင့်ထွင်ရှိနေသည်ဟု ဈေးကွက်မှ သိရသည်။

ရှမ်းကြက်သွန်ဖြူအသစ်များ မတ်လဆန်းမှစ၍ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာပြီး အသစ်ထွက်ပေါ်ချိန်တွင် သင်္ကြန်ပိတ်ရက်မထိုင်မီ ဈေးနှုန်းထက် ဈေးမြင့်တက်လာကြောင်း၊ အသစ်ထွက်ပေါ်ချိန်တွင် ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းများမှာ မတ် ၄ ရက်တွင် တစ်ပိဿာကျပ် ၃၅၀-၄၅၀-၉၀၀-၁၂၅၀ သာရှိပြီး ဧပြီ ၂၂ ရက်တွင် တစ်ပိဿာကျပ် ၁၁၅၀-၁၃၅၀-၁၅၅၀-၁၇၅၀-၁၉၅၀ နှုန်းသို့ မြင့်တက်လာပြီး ကြူကုတ်ကြက်သွန်ဖြူမှာ တစ်ပိဿာကျပ် ၁၈၀၀ နှုန်းသာရှိရာ ရှမ်းကြက်သွန်ဖြူဈေးနှုန်းများသည် ပြည်ပမှ တင်သွင်းသော ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်း အပေါ်သို့ရောက်ရှိခဲ့ခြင်းမှာ ပထမဆုံးဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၁၂ ဧပြီ ၂၃ ရက်တွင် ရှမ်းကြက်သွန်ဖြူဈေးနှုန်း တစ်ပိဿာ ကျပ် ၈၀၀-၉၀၀ -၁၁၀၀ -၁၂၅၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၀၃၅၀-၁၄၂၅ နှုန်းဖြစ်ကြောင်း ဈေးနှုန်းဟောင်းစာရင်းများအရ သိရသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၁၁ ရက်တွင် စားအုန်းဆီလက်ကား တစ်ပိဿာလျှင် ကျပ် ၁၄၃၀-၁၄၃၅ နှုန်းရှိခဲ့သော်လည်း ဧပြီ ၂၃ ရက်တွင် တစ်ပိဿာကျပ် ၁၄၁၇ နှုန်းသို့ ကျဆင်းလာကြောင်း၊ ဧပြီလကုန်အတွက် ကြိုရောင်းဈေးမှာ ဧပြီ ၂၂ ရက်တွင် တစ်ပိဿာကျပ် ၁၄၁၀ နှုန်းသာရှိကြောင်း၊ ဧပြီ ၁၀ ရက် မလေးရှား စားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၈၄၀ ဒေါ်လာနှုန်း၊ ပြည်တွင်း ငွေလဲနှုန်း ၈၈၂ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာကျပ် ၁၄၄၆ နှုန်း ရှိသည်ဟု သိရသည်။

နွေကြက်သွန်နီမှာ အထွက်ပိုပြီး ရန်ကုန်ဈေးကွက်သို့ ပိဿာချိန် သုံးသိန်းဝန်းကျင် ပျမ်းမျှဝင်ရောက်မှုရှိကြောင်း၊ လှောင်ကြက်သွန်ဖြစ်သဖြင့် ကြက်သွန်ထွက်ရာ အထက်ဒေသတွင် ဝယ်ယူမှုများရှိသဖြင့် ဈေးအနည်းငယ်ပြန်မြင့်လာရာ ဧပြီ ၂၂ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ လက်ကားဈေးနှုန်း ၃၀၀-၃၄၀-၃၆၀-၃၆၀၊ တောင်ထွင်း ၃၅၀-၃၆၀-၃၆၀-၃၆၀၊ မြစ်သား ၃၇၅-၄၅၀-၄၅၀-၄၅၀ နှုန်းရှိကြောင်း၊ ယခင်နှစ် ဧပြီ ၂၃ ရက်တွင် ဆိပ်ဖြူ တစ်ပိဿာ ကျပ် ၂၇၅-၃၇၅-၄၀၀-၄၂၅၊ တောင်တွင်း ကျပ် ၃၀၀-၄၀၀-၄၁၅-၄၁၅၊ မြစ်သား ကျပ် ၃၅၀-၅၂၅-၅၅၀-၅၇၅ နှုန်း ရှိခဲ့ကြောင်း သိရသည်။

(မောင်စေအောင်)

ပဲခူးတိုင်းဒေသကြီး၌ လမ်း / တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၂၀ ရက်တွင် ရန်ကုန်-ပြည်လမ်းတစ်လျှောက်နှင့် မင်းလှ-မိုးညိုလမ်းတစ်လျှောက် လှည့်လည်၍ သပြုချောင်းတံတားတည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဇာမရီချောင်းတံတား တည်ဆောက်ပြီးစီးမှု၊ တံတားကမ်းကပ်ခုံ မြေကာနံရံဆောင်ရွက်နေမှု၊ ချဉ်းကပ်လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက် ကျောက်ခင်းခြင်း၊ လမ်းဘေးဝဲ/ ယာရေဆင်းမြောင်းများ ဆောင်ရွက်နေမှု၊ အတက်အဆင်းလမ်းအကွေ့နေရာများ မြေထိန်းနံရံကည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သကင်းရရှိသည်။

(သတင်းစဉ်)

သတိပေး နိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီအား
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေမြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)
ဧပြီလ ၂၃ ရက်နေ့တွင် ထပ်မံဖွင့်လှစ်မည်
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခွဲ)
- အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
- အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
- ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂
ကျောင်းကား Ferry စီစဉ်ပေးသည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ပင်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယုဒိုယိုနို၏ဇနီး မစ္စစ် ဟာရျာအာနီး ဘမ်ဘန်း ယုဒိုယိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်လင်းလင်းတင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်သူဇာဝေ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်စံပယ်ပင်းနှင့် နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအတွင်း ဆောင်ရွက်နေသည့် မိခင်နှင့်ကလေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ယိထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ်(၁)စစ်တိုင်းမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ်(၁) စစ်တိုင်းမှူး Lieutenant General Paiboon Koomchaya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥရောပကော်မရှင်ဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးပေါ်လွင်စိန်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၄

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မစ်ရှင်အဖွဲ့ အကြီးအကဲ သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုစေးမန်နျူရယ်ဘာရိုဆိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥရောပကောင်စီဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးပေါ်လွင်စိန်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၄

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟာမား ဗန် ရွမ်ပွိုင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြည့်မြင်တိုင်တစ်ဖက်ကမ်း (၁၁)ရပ်ကွက်သို့ သောက်ရေသန့်များ နေ့စဉ် ဖြန့်ဖြူးပေးနေ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း (၁၁)ရပ်ကွက်ရှိ သောက်သုံးရေကန်ပေါင်း ၅၁ ကန်မှာ ပူပြင်းသောနွေရာသီကြောင့် ရေများခန်းခြောက်၍ မြည်သူသုံးသောင်းခြောက်ထောင်ကျော် သောက်ရေသန့်ပြတ်လပ်မှု မရှိစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက နေ့စဉ် ရေဂါလန်ငါးသောင်းအား စက်တပ်သမ္ဗန်များဖြင့် ဖြန့်ပေပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာသည် ယနေ့နံနက်ပိုင်းတွင် ဦးမြရပ်ကွက်နှင့် ဆိပ်ကြီးရပ်ကွက်များသို့ သွားရောက်၍ ရေဖြန့်ပေနေမှုများကို ကြည့်ရှုအားပေးပြီး ရပ်ကွက်ပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။(အပေါ်ယာပုံ)

ရေပေးဝေမှုနှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် ရေပေးဝေရေးတာဝန်ခံ ဦးသက်နိုင်ဦးက ရှင်းလင်းပြောကြားရာတွင် ရေပေးဝေမှုများကို ဧပြီ ၀၈ ရက်မှ စတင်ပေးပေခဲ့ရာ ဆိပ်ကြီး၊ ဦးမြ၊ ငါးဇင်၊ အလတ်ချောင်း၊ အောက်ရှ၊ စက်ဆန်း၊ စက်ကလေး၊ ပတုတ်ညွှန့်၊ အေးရွာအရှေ့သည့် ရပ်ကွက်များသို့ နေ့စဉ် ရေဂါလန် လေးသောင်းအား စက်တပ်သမ္ဗန်များဖြင့် ပို့ဆောင်ဖြန့်ဝေပေးခဲ့ကြောင်း၊ ယင်းတို့အနက် ဝါးရဲဆိပ်၊ အေးရွာအနောက်ရှိ ပြည်သူများကိုလည်း ယခုအပတ်အတွင်း ဆက်လက်ပို့ဆောင်ဖြန့်ပေပေးခဲ့ရာ နေ့စဉ်ရေဂါလန် ငါးသောင်းရှိသဖြင့်နှစ်စဉ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူဦးရေ ၃၆၇၅၃ ဦးအတွက် သောက်ရေဖြန့်ပေပေးမှု ကုန်ကျစရိတ်မှာ သိန်းပေါင်း နှစ်ရာနီးပါးခန့် ကုန်ကျကြောင်း သိရသည်။

အဆိုပါရပ်ကွက်များကိုပူပြင်းသော နွေရာသီ၌ သောက်ရေများ အခက်အခဲမရှိစေရန် သောက်သုံးရေတန်များအား ပြုပြင်တူးဖော်ပေးခြင်း၊ ကန်အတွင်း အမှိုက်များ မကျရောက်စေရန်အတွက် ကန်ပတ်လည်၌ ခြံခတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ငါးဇင်ရပ်ကွက်၌ မြေငါးဧကကို ဝယ်ယူပြီး ရေဂါလန်တစ်သန်းဆံ့ ပေ ၅၀၀×ပေ ၃၀၀ တန်ကြီးတစ်ခုကိုလည်း တူးဖော်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပတုတ်ညွှန့်ဘုန်းတော်ကြီးကျောင်းနှင့် အောက်ရှရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း ဖွံ့ဖြိုးရေးတို့ တွင် ရေတန်နှစ်ခုကိုလည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း မြို့နယ်ရေပေးဝေရေး တာဝန်ခံ၏ ရှင်းပြမှုအရ သိရသည်။

အဆိုပါ ရပ်ကွက်များတွင် နှစ်စဉ် သောက်သုံးရေပြတ်လပ်မှု အခက်အခဲများကို မဖြစ်ပေါ်စေရန် ရေတက်၊ ရေကျ အချိန်ကို စောင့်ဆိုင်းရန် မလိုဘဲ ရပ်ကွက်ပြည်သူများအနေဖြင့် အချိန်အခါမရွေး သောက်သုံးရေ သုံးစွဲနိုင်ရန် တမ်းနား၌ အမြင့်တင်ရေစင်များ တည်ဆောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖြည်တင်းပေးသော သောက်ရေများကို အလွယ်တကူ သုံးစွဲနိုင်မည် ဖြစ်သည်အတွက် လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြပေးနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ချင်းနှင့် ရမိမိရပ်ဖ ဦးဝင်းနိုင်တို့က တင်ပြခဲ့ကြကြောင်း သိရသည်။

(စောသိန်းဝင်း)

အခန်းကျယ်ရောင်းမည်
ဓာတ်လှေကား
Pressur Pump
ကျပ်သိန်း (395) (မွဲစားမလို) Ph:09-5053076

နိုင်ငံတကာသတင်း

ဥရောပသမဂ္ဂကောင်စီက မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထုတ်ပြန်ချက်တစ်ရပ် ချမှတ်

ရန်ကုန် မေ ၂၃

အီးယူသံအမတ်ကြီးများသည် မေ ၁၇ ရက်တွင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ပယ်ဖျက်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး မေ ၂၂ ရက်တွင် အီးယူဝန်ကြီးများအစည်းအဝေး၌ အတည်ပြုချက်ရရှိခဲ့သည်။

လူဇင်ဘတ်နိုင်ငံ၌ မေ ၂၂ ရက်က ကျင်းပသော ဥရောပသမဂ္ဂကောင်စီ၏ ၃၂၃၆ ကြိမ်မြောက် နိုင်ငံခြားရေးရာ အစည်းအဝေးတွင် ထုတ်ပြန်ချက် တစ်ရပ်ကို ချမှတ်ခဲ့သည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဥရောပသဂ္ဂသည် မြန်မာနိုင်ငံမှ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ထောက်ခံ၍ စောင့်ကြည့်ခဲ့ကြောင်း၊ ဥရောပသမဂ္ဂသည် ဒီမိုကရေစီအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ အားကောင်းသော လွှတ်တော်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ အစိုးရ၏ အဝတ်လိုက်စားမှု တိုက်ဖျက်ရေးအတွက် ကြိုးပမ်းမှုများ၊ ကျန်ရှိသော နိုင်ငံရေးအကျဉ်းသားများ လွတ်ပေးရေးအတွက် အစိုးရ၏ ကြိုးပမ်းမှုများ စသည်တို့ကို ကြိုဆိုပါကြောင်း၊ အီးယူသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်ရန် ဆန္ဒရှိသည့်အလျောက် အမြဲတမ်းပါတနာရစ်အတွက် တည်ဆောက်ခြင်းကို တိုင်းပြည်နှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးအတွက် မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြီးသော ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရန် မျှော်လင့်လျက် ဥရောပသမဂ္ဂကောင်စီသည် လက်နက်ရောင်းဝယ်မှုကို နဂိုအတိုင်း ဆက်လက်ပိတ်ပင်ထားသည်မှလွဲ၍ အရေးယူပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်ခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

ယင်းသို့မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ပယ်ဖျက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်က "မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်စရာတွေ ရှိနေပေမယ့် အခုဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဟာ သိသာထင်ရှားပြီး လေးနက်တဲ့ အဓိပ္ပာယ်ဆောင်တဲ့အတွက် ပိတ်ဆို့မှုတွေကို အပြီးတိုင်ဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်တယ်၊ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်ကောင်းမွန်စေဖို့နဲ့ ပဋိပက္ခတွေ ဖြေရှင်းပေးနိုင်ရေးအတွက် ဆက်လက်ကူညီသွားမယ်" ဟု ပြောကြားခဲ့သည်။

အလားတူ အီးယူနိုင်ငံခြားရေး မူဝါဒရေးရာ အကြီးအကဲ ကက်သရင်း အက်ရှတန်ကလည်း "ယနေ့တွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံနှင့် ကာလကြာမြင့်စွာ တည်ရှိခဲ့သည့် ဆက်ဆံရေးအခန်းကဏ္ဍတစ်ရပ်ကို ပိတ်လိုက်ပြီဖြစ်ကြောင်း၊ လက်နက် တင်ပို့ရောင်းချမှုတစ်ခုတည်းသာ ကျန်ရှိတော့ကြောင်း၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ရေရှည်ငြိမ်းချမ်းမှု တည်ဆောက်နိုင်မှုကဲ့သို့သော ဆောင်ရွက်ဖွယ်ရာ အများအပြားကျန်ရှိသည်ကို သိရှိထားသည့်အလျောက် စိန်ခေါ်မှုများကိုလည်း မိမိတို့အနေဖြင့် လျှော့တွက်၍ မရကြောင်း၊ ညှိသို့ပင်ဖြစ်စေ ယခုအချိန်တွင် ထိတွေ့ဆက်ဆံမှုများကို ပိုမိုပြုလုပ်ပေးရမည့် အချိန်ဖြစ်ပြီး ရှေ့တွင် ရင်ဆိုင်ရဦးမည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုအားလုံးကို လွတ်လပ်ပွင့်လင်းသည့် ဒီမိုကရေစီ လူ့ဘောင်အတွင်းကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းသွားနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်လည်းကောင်း၊ အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနှင့်လည်းကောင်း နီးနီးကပ်ကပ် ဝိုင်းဝိုင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း၊ ပြည်သူများသည် ၎င်းတို့နှင့် ထိုက်တန်သည့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အလိုရှိကြပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်ကလည်း "၂၀၁၁ ခုနှစ်အတွင်းမြန်မာနိုင်ငံမှာ အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့မှုကြောင့် ယမန်နှစ်က အီးယူဟာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုများကို တစ်နှစ်တာ ဆိုင်းငံ့ပေးခဲ့ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုကြတဲ့ ဥရောပ မှ ကုမ္ပဏီ၊ အဖွဲ့အစည်းများနဲ့ လုပ်ငန်းရှင်များ အနေနဲ့မြန်မာနိုင်ငံကို လာရောက်ခဲ့ချိန်နဲ့ ဆက်သွယ်စုံစမ်းချိန်များမှာတော့ ရင်းနှီးမြှုပ်နှံမှုတွေ လက်တွေ့ လုပ်ဆောင်ရန်မှာ ကန့်သတ်ချက် အချို့ရှိမှုနဲ့ အတူ စိုးရိမ်မှုတွေရှိတာ သိရပါတယ်။

ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေ ထပ်မံတိုးတက်ဖြစ်ပေါ်လာမှုကြောင့် အီးယူက လက်နက်တင်ပို့မှုမှလွဲပြီး ပိတ်ဆို့အရေးယူထားမှု အားလုံးကို ပယ်ဖျက်ပေးခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပက ရင်းနှီးမြှုပ်နှံလိုကြတဲ့ ကုမ္ပဏီ၊ အဖွဲ့အစည်းနဲ့ လုပ်ငန်းရှင်များ အနေနဲ့ အခြားနိုင်ငံများနဲ့ ယှဉ်ပြိုင်ပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်မှာဖြစ်လို့ အကျိုးတူ ဖက်စပ်စီးပွားရေးလုပ်ငန်းတွေ ပိုမိုပြုလုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ ကုန်ထုတ်လုပ်မှုတွေလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

အီးယူရဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းမှုနဲ့အတူ အခွန်သက်သာခွင့် (GSP)လည်း တစ်ဆက်တည်း ရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီရလဒ်တွေကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖြစ်ပေါ်လာပြီး အခြေခံအလုပ်သမားတွေရဲ့ တစ်ဦးချင်းဝင်ငွေလည်း မြင့်မားတိုးတက်လာမှာဖြစ်သလို လူနေမှုဘဝတွေလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အီးယူရဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု အားလုံး ရုပ်သိမ်းခဲ့ကြောင်း ဆုံးဖြတ်ချက်အပေါ် ဝမ်းမြောက်စွာ ကြိုဆိုပါတယ်"ဟု ပြောကြားခဲ့သည်။

(သတင်းစဉ်)

အီးယူနိုင်ငံခြားရေးမူဝါဒရေးရာ အကြီးအကဲ ကက်သရင်း အက်ရှတန်။

အငြင်းပွားနေသည့် ကျွန်းစုများအရေး ဂျပန်ဝန်ကြီးချုပ် သတိပေး

တိုကျို မေ ၂၃

ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများနှင့်သက်ဆိုင်သော ကျွန်းစုများပေါ်သို့ တက်ရောက်ရန် ကြိုးပမ်းသည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို အင်အားသုံးစွဲ၍ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေ ၂၃ရက်တွင် သတိပေးလိုက်သည်။

အရှေ့တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေအငြင်းပွားမှုများနှင့် သက်ဆိုင်သော ကျွန်းစုများအနီးမှ တရုတ်အစိုးရပိုင် သင်္ဘောရှစ်စင်းဖြတ်သန်းသွားသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း သတိပေးခြင်းဖြစ်သည်။

ထိစဉ်အတွင်း ဂျပန်လူမျိုးနိုင်ငံရေးလှုပ်ရှားသူများ လိုက်ပါလာသော ငါးဖမ်းရေယာဉ် ၁၀ စင်းသည် အဆိုပါ ကျွန်းစုများ အနီးအပါးတွင် ရှိနေခဲ့ကြောင်း၊ ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ သင်္ဘောတစ်စင်းကိုလည်း ယင်းရေယာဉ်များနှင့်အတူ တွေ့မြင်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျပန် စစ်သူရဲကောင်းများအား ဂုဏ်ပြုသော ယာဆုကူနီနတ်ကွန်းသို့ အမတ် ၁၆၈ ဦးတို့ ဂါရဝပြုရန် သွားရောက်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဝန်ကြီးချုပ်အာဘေးကပါလီမန်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် အထက်ပါအတိုင်း သတိပေးခဲ့ခြင်းဖြစ်သည်။

လှုံ့ဆော်ပေး

ယာဆုကူနီနတ်ကွန်းသို့ ပါလီမန်အမတ်များသွားရောက်ခြင်းဖြင့် ဂျပန်နိုင်ငံ၏အိမ်နီးချင်းနိုင်ငံများမှာ ဒေါသအမျက်ထွက်ကြရသည်။ အကြောင်းမှာ အဆိုပါနတ်ကွန်းသည် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တပ်ဖွဲ့၏လုပ်ရပ်များကို အိမ်နီးချင်းနိုင်ငံများက ပြန်ပြောင်းသတိရစေရန် လှုံ့ဆော်ပေးနိုင်ခြင်းကြောင့်ဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးသည် ဒီဇင်ဘာလတွင် အာဏာရရှိလာခဲ့ပြီးနောက်ပိုင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများနှင့် သက်ဆိုင်သော ကျွန်းစုများအရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံအား အတိအလင်း သတိပေးရာရောက်ကြောင်း သတင်းတွင်ဖော်ပြသည်။ ရိုက်တာ။

သင်ကြားရေးဆရာများအလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်ရှိ ထူးဖောင်ဒေးရှင်းမှ တည်ထောင်ထားသော ပညာဒါနစာသင်ကျောင်းတွင် ဖွင့်လှစ်သင်ကြားနေသည့် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များအတွက် ဝရစိုက်သင်ကြားနိုင်သော သင်ကြားရေး ဆရာ၊ ဆရာမများ(၄)ဦး အလိုရှိသည်။

(၁) B.Ed, M.Ed ဘွဲ့ရရှိသူများနှင့် သက်ဆိုင်ရာဘာသာရပ်တွင် ဘွဲ့ရရှိသူများအား ဦးစားပေးမည်။
(၂) အသက် (၂၃)နှစ်မှ (၄၅) နှစ်အတွင်းဖြစ်ရမည်။
(၃) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၄) တက္ကသိုလ်ဝင်တန်းသင်ကြားမှုအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်ဖြစ်ပြီး မိမိတာဝန်ယူသင်ကြားမည် ဘာသာရပ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာပန်ယူသင်ကြားပေးနိုင်ရမည်။
(၅) ၂၀၁၄ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးသည်အထိ ပူတာအိုတွင် နေထိုင်နိုင်သူ ဖြစ်ရမည်။
(၆) ကွန်ပျူတာအသုံးပြုတတ်၍ စာပေ၊ ဗဟုသုတနှင့် ပြည့်စုံရမည်။
(၇) ပါတီနိုင်ငံရေးကင်းရှင်းရမည်။
(၈) ဆရာ/ဆရာမများသည် ဆရာ့ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်စွာနေနိုင်ရမည်။
(၉) နေ/စားစရိတ် ငြိမ်းစီစဉ်ပေးမည်။
(၁၀) လစာကောင်းမည်။

မှတ်ချက်။ ။ ကွမ်း၊ ဆေးလိပ်၊ လောင်းကစား၊ အပျော်အပါးနှင့် အရက်သေစာသောက်စားမှု ကင်းရှင်းသူများသာလျှင် လျှောက်ထားရန်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာရေးနှင့်ပတ်သက်သော အထောက်အထားမိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ လေဘာကတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် အိမ်ထောင်စုဇယားမိတ္တူတို့ဖြင့် ပူးတွဲလျက် ၆-၅-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

ထူးဖောင်ဒေးရှင်း
ကွန်ဒို(A)၊ မြေညီထပ်၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၅၂၇၂၊ ၆၅၅၂၈၂၊ ဖက်စ် -၀၁-၆၅၅၂၉၂

Car Rental & ပြည်တွင်း/ပြည်ပ
Myanmar Pagoda Travels & Tours
www.myanmarpagodatravel.com
01-518352, 09-43088810, 73077020

အမြန်ဖွားမည်
ရွှေပြည်သာဆေးရုံ
PH၊ ဆေးရုံ



ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၂ ခုနှစ် ထက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၁၁ ခုနှစ် ထက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း ထက်ရောက်ထျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မောင်ဇော်ဝေယံထွင်(ဘ)ဦးမျိုးလွင် အထက(၂) ထိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်မင်းရှင်းသန့်(ဘ)ဦးမင်းကြည်သန့် အထက(၂) သယ်န်းကျွန်း ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မဥမ္မာမြင့်(ဘ)ဦးမြင့်မောင် အထက ထော်ကထား ထေးမျက်နှာ ဧရာဝတီတိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မောင်သော်စစ်နိုင်(ဘ)ဦးနိုင်ဝင်း အထက(၄) ထိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်ဖြိုးမောင်ဝင်း(ဘ)ဦးခင်မောင်ဝင်း အထက(၃) မုံရွာ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယ၊ မခင်ချမ်းမြေ့(ဘ)ဦးညွန့်ဆွေ အထတ(၄) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က တတိယ၊ သင်္ချာဘာသာရပ်တွင် မရှင်းသန့်ကြည်(ဘ)ဦးမျိုးအောင် အထက(၂) လသာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်မျိုးမင်းခန့်(ဘ)ဦးဗိုလ်လန်း အထက(၂)ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်ရဲဝင်းအောင် (ဘ)ဦးဝင်းကြည် အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မောင်သော်စစ်နိုင်(ဘ)ဦးနိုင်ဝင်း အထက(၄) ထိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရူပဗေဒဘာသာရပ်တွင် မအေးချယ်ရီအောင် (ဘ)ဦးရန်အောင် အထက(၂)ထသာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မောင်သော်စစ်နိုင် (ဘ)ဦးနိုင်ဝင်း အထက(၄)ထိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မနမ့်ဖြူးပြည်ဝေ (ဘ)ဦးစိန်ဝင်း အထက(ခွဲ) တောက်တံ့ရိုး ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ သမိုင်းဘာသာရပ်ထွင် မဝေဝေထင်း(ဘ)ဦးအောင်မင်း အထက ဂန့်ဂေါ မြို့နယ် မကွေးတိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်ထွင် မောင်အောင်ကျော်စွာ(ဘ)ဦးလိုင်ဝင်း အထက(ခွဲ)ဇောင်းထန်း အင်္ဂပူမြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမရရှိကြသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် ထက္ကသိုလ်သင်ထန်း တက်ရောက်နေကြသူများအနက် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသူများမှာ မမေမြတ်နိုးဦး(ဘ) ဦးသန်းထိုက် မိတ္ထီလာတက္ကသိုထ် မန္တလေးတိုင်းဒေသကြီး၊ မဇာနှင်းဦး(ဘ)ဦးတင်မောင်ထွန်း ရတနာပုံတက္ကသိုထ် မန္တလေးတိုင်းဒေသကြီး၊ မနန်းနွယ်နေနည်နော်(ဘ) ဦးတင့်မြင့်မြတ် မိတ္ထီလာတက္ကသိုလ် မန္တလေးထိုင်းဒေသကြီး၊ မဝေဝေဖြိုး(ဘ) ဦးသိန်းအောင် ရွှေဘိုထက္ကသိုထ် စစ်ကိုင်းထိုင်းဒေသကြီး တို့ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ် မေ ၄ ရက် (စနေနေ့) နံနက် ၉ နာရီထွင် ရန်ကုန်မြို့ရှိ Traders ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာဝေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၀၄၄၉တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

Shine Construction Co.,Ltd.
(Member of Shine Group of Companies)

၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက်ကျွမ်းကျင် Sub ကန်ထရိုက်တာ၊ကုမ္ပဏီ၊အဖွဲ့အစည်းများအလိုရှိသည်။

(က) ပန်းရံလုပ်ငန်း (ခ) လက်သမားလုပ်ငန်း

(ဂ) သံချည်သံကွေးလုပ်ငန်း

(ဃ) **P.A.E**စနစ်(၁၂)ထပ်အဆောက်အဦး

၂။ လျှောက်လွှာများကို (၃၀-၄- ၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့၏လက်ခစျေးနှုန်းများကို ဖော်ပြပါအချက်များနှင့်အတူ ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာများနှင့်တကွ ကြော်ငြာပါသည်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -

အမှတ်(၂၉)၊မြေညီထပ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒိုမင်လာ တောင်ညွန့်မြို့နယ်။(အောင်ဆန်းကွင်းအထူးတန်းရှေ့)

Tel:09-8601461, 09-73044221,
01-385341~2, Ext:218

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ်(၁)စစ်တိုင်းမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်ကြည်းထပ်မှ အမှတ်(၁) စစ်တိုင်းမှူး Lieutenant General Paiboon Koomchaya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသိရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံထပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသ ဝင်/ထွက်ခြင်း ဆိုင်ရာကိစ္စရပ်များ၊ ထပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ထပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းထပ်မှ အမှတ်(၁) စစ်တိုင်းမှူးနှင့်အတူ ဒုတိယစစ်တိုင်းမှူး Major General Parnuvach Narkavong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းထပ်စစ်သံမှူး Senior Colonel Prachern Chaiyakit တို့ တတ်ရောက်ကြကြောင်း သထင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

တျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံထွင် မှတ်ပုံထင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာနိသင်အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Cypro 2 Tablet (Cyproheptadine HCl 1 $\frac{1}{2}$ H_2O eq. . to Anhydrous Cyproheptadine HCL 2mg	Lerd Singh P'cal Fact., Ltd, Part Thailand.
၂။	Nifedipine Tablet (10mg)	Lin Fen Bao Zhu P'cal Co., Ltd.
၃။	Rantidine HCL Capsule (Saneryisi တံဆိပ်)	တရုတ်စာသားများဖြင့်သာ ဖော်ပြထားပါသည်။
၄။	Diphenhydramine HCL Injection 20mg/ml	Xinxiangshi Changle P'cal Co., Ltd.
၅။	Aminophylline Tablet	Primary Branch, Hainan P'cal Factory Co., Ltd.
၆။	Aldactone Tablet (Spironolactone I.P 25 mg)	RPG Life Sciences Ltd.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံထင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သပိတ်ကျင်းမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် ယာယီတဲနှစ်လုံးအား ဖျက်ဆီး

ရန်ကုန် ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် စမွါယ်နဂိုရ်အုပ်စု ကျောက်ခွဲစခန်းမြောက်ဘက် မန္တလေး -ဗန်းမော်ကားထမ်းတွင် ဧပြီ ၂၁ ရက် နံနက် ၁ နာရီတွင် ဆောတ်လုပ်ရေးလမ်း အထုပ်သမား ဦးမြင့်ဆွေ၏ မိသားစု နေထိုင်သည် နှစ်ဝင်ဝတ်ထည် အမြင့် ၁၀ ပေ၊ အကျယ် ၁၅ ပေ သက်ငယ်မိုး၊ ထရံကာ ယာယီတဲအား အမြင့် ၁၀ ပေ၊ အစွယ် နှစ်ပေခန့်ရှိ အညိုရောင် တောဆင်ရိုင်းတစ်ကောင် တဲအတွင်းရှိ ဆန်များစားသောက်ကာ တဲအား ဖျက်ဆီးခဲ့သည်။ အဆိုပါ တောဆင်ရိုင်းသည် နံနက် ၁ နာရီခွဲခန့်တွင် ထမ်းအထုပ်သမား ဦးမြင့်မောင်(၄၅) နှစ် မိသားစုနေထိုင်သည် နှစ်ဝင်ဝတ်ထည် အမြင့် ၁၀ ပေ၊ အကျယ် ၁၅ ပေရှိ သက်ငယ်မိုး၊ ထရံကာ ယာယီတဲသို့ ထပ်မံရောက်ရှိပြီး တဲအနောက်ဘက် ထရံအား အစွယ်ဖြင့်ထိုး၍ ဖျက်ဆီးစဉ် ဝတ်ဝန်းကျင်ရှိထူများက အော်ဟစ်မောင်းထုတ်သဖြင့် ၁၅ မိနစ်ခန့်အကြာတွင် ကျောက်ခွဲစခန်း အနောက်ဘတ်ကောထဲသို့ ထွက်သွားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဥတုရာသီ
တောက်ပိုမိုး၏

စင်ကာပူ May 1, 8
ကမ္ဘောဒီးယား May 1, 8
ဟောင်ကောင် မကာအို၊ ကွမ်ကျိုး May 2, 7
ကမ္ဘောဒီးယား ဗီယက်နမ် May 1, 8
ဗီယက်နမ် May 1, 8
ထိုင်း ပတ္တရား၊ အယုဒ္ဓယ May 1, 8
First Choice Travel & Tour
09-4210 69966, 09-517 1301, 09-730 59081

အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်နှင့် ဇနီး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ဇနီး၊ နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒို နီးရှား သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ညှိသည်တော် အင်ဒိုနီးရှားသမ္မတ နှင့် ဇနီးနှင့် အဖွဲ့အား ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြု ပန်းစည်းပေးအပ်၍ လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဘေးဝဲ/ယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံ ငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည့် သစ်မာသစ်မျိုးများစာရင်း သတ်မှတ်ကြေညာ

နေပြည်တော် မေ ၂၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၄ ဇယား(၅) အပိုဒ်(၁၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည့် သစ်မာသစ်မျိုး များစာရင်းကို သတ်မှတ်ကြေညာထားကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်အရ ကျွန်းနှင့် သစ်မာသစ်မျိုး ၅၆ မျိုး၏ အခွန်အခများကို ပြည်ထောင်စုအစိုးရအဖွဲ့က ကောက်ခံမည်ဖြစ်ပြီး ကျွန်းနှင့်သစ်မာသစ်မျိုး ၅၆ မျိုးမှအပ ကျန်ရှိသည့် သစ်မျိုး ၁၀၄ မျိုး၏ အခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

သစ်မျိုးအားလုံး၏ ထုတ်လုပ်စီမံခန့်ခွဲမှုကို ပြည်ထောင်စုအစိုးရက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျွန်းနှင့် သစ်မာသစ်မျိုး ၅၆ မျိုး အတွက် ရရှိမည့် အခွန်ငွေကို ပြည်ထောင်စုအစိုးရသို့ပေးသွင်းရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ကောက်ခံရမည့် သစ်မျိုး ၁၀၄ မျိုးအတွက် ရရှိမည့်အခွန်ငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ၂၀၁၃ ခုနှစ် မေ ၁ ရက်မှစ၍ ပေးသွင်းရန် သတ်မှတ်ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀ "နာမရူပပရိစ္ဆေဒဉာဏ်နှင့် ကံပေါ်ဉာဏ်ဆင့်ပုံ" တရားတော် (ဆရာတော်ဘဒ္ဒန္တသုန္ဒရ)
၁၁း၀၀ ဟင်းချက်ရအောင်
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၄၁)
၇း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၆)
၈း၁၅ PAST & PRESENT SOE THU Live Show (Part-7)
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၈၅)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၂၉)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

မီးဘေးအန္တရာယ် သတိပြုကာကွယ်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

အခုတလော နိုင်ငံကစ်ဝန်းလုံးမှာ မီးလောင်နေမှုများကို မကြာခဏတွေ့နေရပါတယ်။ အိုးအိမ်တိုက်တာ အဆောက်အအုံများ၊ ဈေးများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များစသည်ဖြင့် လူအများနဲ့ သက်ဆိုင်တဲ့ဝတ္ထုများ စွာလောင်ကျွမ်းဆုံးရှုံးနေရတာတွေ တွေ့နိုင်ပါတယ်။ နိုင်ငံအတွက်ကြီးမားလှသော ဆုံးရှုံးမှုများတွေ့ကြုံနေ ရတာမို့ နိုင်ငံသားများအားလုံးအသိရှိရှိ၊ သတိရှိရှိနဲ့ ပူးပေါင်းကာကွယ်သင့်ကြပါတယ်။ တကယ်တော့ မီးဘေး အန္တရာယ်ကာကွယ်ခြင်းဆိုတာ မီးသတ်ဦးစီးဌာနတစ်ခု တည်းရဲ့ အလုပ်မဟုတ်ဘဲ လူကိုင်းနဲ့ဆိုင်တဲ့ လူတိုင်း တာဝန်သိသိ လုပ်ကြရမယ့်အလုပ်ဖြစ်ပါသယ်။ မီးလောင် မှုများရဲ့ အခြေခံအချက်အကြောင်းရင်းများမှာ နိုင်ငံသား အချို့ရဲ့ ပေါ့ဆမှု၊ တာဝန်မဲ့မှုများကြောင့် ဖြစ်ပွားနေရတာ တွေကိုတွေ့နိုင်ပါတယ်။ အရာဝတ္ထုများသာမက အပြစ်မဲ့ ကလေးငယ်များပါဆုံးရှုံးနေရတာတွေ့ရလို့ အင်မတန် စိတ်မချမ်းမြေ့ဖွယ်ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော် တို့အားလုံးမီးဘေးအန္တရာယ်ဆိုးကြီးကို ကာကွယ်မှုမှာ ပါဝင်သင့်ကြပါကယ်။

Target Audiences (ဦးစားပေးလေ့ကျင့်အသိပေးထားသင့်သူများ)

မီးဘေးအန္တရာယ်တွေကို ကာကွယ်ဖို့ဦးစွာလေ့ကျင့် ပေးထားသင့်တာက ကျောင်းသားငယ်များဖြစ်ကြပါ တယ်။ မီးသတ်ဦးစီးဌာနများက ကျောင်းများကို သွားရောက်ပြီး မီးအကြောင်း၊ ကာကွယ်မှုများအကြောင်း အန္တရာယ်နဲ့ကြုံရင်ဘယ်လိုဆောင်ရွက်ရမယ်၊ ကယ်တင် ရမယ်၊ ရှောင်တိမ်းရမယ်ဆိုတာမျိုးတွေကို ငယ်ရွယ်သူ များအား လေ့ကျင့်သင်ကြားပေးထားခြင်းဖြင့် သူသို့ တစ်တွေငယ်စဉ်တွေ့ကြုံရတဲ့အခါမှာသာမက သူတို့ တစ်သက်လုံးအတွက်ပါ အကျိုးများစေနိုင်ပါတယ်။ ဂျပန်နိုင်ငံမှာ ငလျင်လှုပ်မှုဆိုသဲ့ သဘာဝဘေး အန္တရာယ်ကြုံတွေ့ရလေ့ရှိတာမို့ ငလျင်နဲ့ပတ်သက်တဲ့ သေ့ကျင့်သင်ကြားမှုများကို ကျောင်းသားငယ်များအား အလေးပေးဆောင်ရွက်ကြလေ့ရှိပါတယ်။ မြန်မာနိုင်ငံ မှာတော့ Man-made disaster လို့ခေါ်ရမယ့် မီးဘေး အန္တရာယ်ကြုံတွေ့ရမှုများတာကြောင့် မီးဘေးအန္တရာယ် နဲ့ ဆိုင်တဲ့လေ့ကျင့်သင်ကြားမှုများကို ကျောင်းသား အရွယ်ကလေးများကို အထူးအလေးပေးဆောင်ရွက်ပေး ထားသင့်ပါတယ်။

အရွယ်ရောက်ပြီးသူများအားလုံး (Adults) ကို မီးဘေးအန္တရာယ်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ သိသင့် သိအပ်ရာ၊ ဆောင်ရွက်အပ်ရာတို့ကို အလျဉ်းသင့်သလို လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါ တယ်။ Senior citizens ခေါ် သက်ကြီးရွယ်အိုများဟာ မီးဘေးအန္တရာယ်ကြုံတွေ့လွယ်ကြသလို သူတို့ကြောင့် လည်း မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် သူတို့ကိုကာကွယ်ရေးနဲ့ ကြုံတွေ့ရချိန်မျိုးတွေမှာ ဆောင်ရွက်သင့်သည်များကို သိထားစေသင့်ပါတယ်။

အခုလို လောင်စာဆီများ လွတ်လပ်စွာရောင်းချနိုင် ခွင့်ရှိချိန်မှာ လောင်စာဆီရောင်းချနေသူတို့ကို မီးဘေး အန္တရာယ်နဲ့ပတ်သက်ပြီး မီးသတ်ဦးစီးဌာနအနေနဲ့ စစ်ဆေးမှုများသာမက ကာကွယ်ရေးလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးထားသင့်ပါတယ်။ Octane အပါ အဝင် ခေတ်ပေါ်လောင်စာဆီများဟာ highly inflammable လွန်ကဲစွာ လောင်ကျွမ်းတတ်တာမို့ ကိုင်တွယ်သိမ်းဆည်းသိုလှောင်မှုများမှာ အန္တရာယ်တွေ လွယ်လှပါတယ်။ ရောင်းချတဲ့ ဆိုင်အရေအတွက်ကလည်း အလွန်များနေတာ၊ တချို့ဆိုရင်လူနေထိုင်ရာ နေရာများနဲ့ နီးကပ်လှတာမို့ အလွန်အန္တရာယ်ကြီးပါတယ်။ ဒါကြောင့် သူတို့ကို စနစ်တကျသင်ကြားပေးတာ၊ လိုအပ်သော ကာကွယ်မှုများ စနစ်တကျသုံးစေတာမျိုးတွေ ဆောင်ရွက် ပေးထားသင့်ပါတယ်။

မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများမှာ လျှပ်စစ်ဓာတ်အားကို စနစ်တကျမသုံးတတ်ကြလို့ ဖြစ်နေ တာမို့ လျှပ်စစ်နဲ့ပတ်သက်ပြီး သိကျွမ်းနားလည်သူများက ပြည်သူများကို သိသင့်သိအပ်သည်များ အသိပေးတာ၊ သင်ကြားပေးတာများဆောင်ရွက်ပေးသင့်ပါတယ်။

အဓိကအကျဆုံး အသိပေး၊ လေ့ကျင့်ပေးသင့်သူများ ထဲမှာ အိမ်ရှင်မများ ထိပ်ဆုံးကပါဝင်ပါတယ်။ မီးဖိုချောင်က စတဲ့မီးကြောင့် ဖြစ်ပွားမှု အလွန်များပါတယ်။ Burn Prevention and Safety Tips များကို အိမ်ရှင်မများအပါ အဝင် လူတိုင်းအတွက် တင်ပြလိုပါတယ်။

Kitchen Safety မီးဖိုချောင်လုံခြုံရေး

- မီးဖိုကို လူမရှိဘဲ ချက်ပြုတ်ထားမှုလုံးဝမလုပ်ပါနှင့်။
- ဓာတ်ငွေ့သုံးမီးဖိုအပါအဝင်မီးဖိုများမှာ အညစ်အကြေး၊ လောင်စာများမရှိစေဘဲ အမြဲသန့်ရှင်းနေအောင် ဆောင်ရွက်ပါ။
- မီးဖိုအနီးမှာ လောင်စာများ၊ အမှိုက်သရိုက်များ မရှိပါစေနှင့်။ လက်နှီးစလို မီးလောင်လွယ်သော အဝတ်စတို့ကို မီးဖိုနှင့် နီးရာမှာ ချိတ်ဆွဲမထားပါနှင့်။ မီးကြွင်းမီးကျန်များကို သတိရှိစွာ ငြိမ်းသတ်ပါ။
- Spray aerosols ခေါ်မီးလောင်လွယ်သော စပရေးဖျန်းဘူးများကို မီးဖိုအနီးမှာ လုံးဝမထားပါနှင့်၊ မသုံးပါနှင့်။
- ချက်ပြုတ်သူရဲ့ လျော့ရဲသော အဝတ်အစားများကြောင့် မီးနဲ့ထိလွယ်တာမို့ပေါ့ပါးပြီး fit ဖြစ်တဲ့ အဝတ်အစားတို့ကိုသာ ချက်ပြုတ်စဉ်ဝတ်ဆင်ပါ။
- Gas stove အပါအဝင်မီးများအားလုံးကို အသုံးပြုပြီးသည်နှင့် စနစ်တကျမီးမကျန်ဘဲ လုံးဝငြိမ်းသွားသည်အထိ ပိတ်တတ်တဲ့ အလေ့အကျင့် ပျိုးထောင်ကြပါ။
- မီးဖိုအနီးနေရာသည် Kids free zone ကလေးများမလာရ ကလေးကင်းမဲ့ဇုန်ဖြစ်နေစေရပါမယ်။
- ကလေးများမမီနိုင်တဲ့ မီးဖိုမျိုးလည်းဖြစ်ရပါမယ်။
- မီးဖိုအနီးမှာ ကလေးများကို ကျွေးမွေးခြင်း မလုပ်သင့်ပါ။
- မီးခြစ်အပါအဝင် မီးလောင်စေတတ်သော မည်သည့်ပစ္စည်းကိုမှ မီးဖိုအနီးမှာမထားပါနှင့်။

ရေချိုးခန်းများ

ရေချိုးခန်းတွေကနေလည်း မီးလောင်တတ်တာကို မမေ့သင့်ပါ။ ရေချိုးခန်းတွေမှာ Water heater ရေနွေးပေးစက်တွေကိုသုံးရင် အပူချိန်ကို ၁၂၀ ဒီဂရီဖာရင်ဟိုက် အထိသာထားသင့်ပါတယ်။ ဒီထက်အပူပေးထားမိရင် အပူလွန်ကဲလောင်ကျွမ်းတတ်ပါတယ်။ ပြီးတော့ ကလေးငယ်များနဲ့ အသက်ကြီးသူများကို Scalds ခေါ် အရည်လောင်ကျွမ်းမှုဖြစ်စေတတ်ပါတယ်။ Hair dryer နှင့် အခြားလျှပ်စစ်ကိရိယာများကို ရေချိုးခန်းအတွင်းက ရေစည်၊ ရေပုံးတွေအနီးမှာ မသုံးသင့်ပါ။ လျှပ်စစ်ဓာတ်လိုက်မှုဖြစ်တတ်ပါတယ်။ ကလေးငယ်များကို ရေချိုးပေးရင် အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်ထက်မကျော်သင့်ပါ။ သူတို့လေးတွေရဲ့ အရေပြားတွေဟာ အလွန်နူးညံ့လို့ ဖြစ်ပါတယ်။

အိမ်တွင်းမှာ ဆေးလိပ်မသောက်သင့်ပါ။ အထူးသဖြင့် အိပ်ခန်းတွင်းမှာ မသောက်သင့်ပါ။ အိပ်ရာခင်းတွေပေါ် မီးစကျပြီး အလွယ်တကူမီးလောင်စေတတ်ပါတယ်။ လျှပ်စစ်အသုံးအဆောင်များအားလုံးကို စနစ်တကျ သုံးသင့်ပါတယ်။ မသုံးတဲ့အချိန်၊ လူမရှိတဲ့အချိန်တွေမှာ အားသွင်းတာ၊ မပိတ်ဘဲ ထားခဲ့တာမျိုးတွေမလုပ်သင့်ဘဲ လုံးဝ ပိတ်ထားခြင်း၊ မိန်းခလုတ်ချခဲ့ခြင်းတို့လုပ်သင့်ပါတယ်။ မီးအားမြှင့်စက်များ၊ အင်ဗာတာများစသည်တို့ အနီးမှာ ဒီဇယ်ဆီများ၊ ဓာတ်ဆီများစသည်တို့ မထားသင့်ပါ။ Smoke dectectors ခေါ် မီးခိုးငွေ့ကြိုတင်သတိပေး ကိရိယာများကို တပ်ဆင်အသုံးပြုကာကွယ်နိုင်ပါတယ်။ အိမ်တိုင်းမှာ fire extinguisher ခေါ် မီးသတ်ဆေးဘူးများထားရှိသင့်ပါတယ်။ မီးအန္တရာယ်ဟာ အင်မတန်ကြောက်စရာကောင်းပေမယ့် သတိရှိရှိ အသိရှိရှိနဲ့ ကောင်းစွာ ကာကွယ်နိုင်ပါတယ်။

မီးလောင်မှုတစ်ခုဖြစ်ပွားဖို့ လောင်စာ၊ မီး၊ အောက်ဆီဂျင်တို့ လိုအပ်ပါတယ်။ ဒီသုံးချက်စလုံးတစ်ခုခုချွတ်ယွင်းသွားရင် မီးလောင်ဖို့မလွယ်တော့ပါဘူး။ ဒါကြောင့် ပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပြီး နှစ်စဉ်ကြုံတွေ့နေရတဲ့ မီးဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ် ခင်ဗျား။ ။

သီတဂူအဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍ သီတဂူသာသနာပြုအဖွဲ့က လဟယ်မြို့ပြည်သူ့ဆေးရုံ အဆင့်မြင့်ခွဲစိတ်ဆောင် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၃

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍ သီတဂူသာသနာပြုအဖွဲ့က လဟယ်မြို့ ပြည်သူ့ဆေးရုံ အဆင့်မြင့်ခွဲစိတ်ဆောင် ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကို၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှစ်ကြူးတို့ အမျှပြုသော ဧည့်ပရိသတ်များက (၅)ပါးသီလခံယူ ဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တို့နောက် ခွဲစိတ်ဆောင်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် တာဝန်ရှိသူများက ခွဲစိတ်ဆောင်အဆောက်အအုံသစ်အတွင်း ကြည့်ရှုကာ **(အပေါ်ယာပုံ)** ဆေးကုသမှုခံယူနေသော ဒေသခံနာဂပြည်သူများအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် တာဝန်ရှိသူများက လဟယ်မြို့နယ် အထက်တန်းကျောင်း မေ့ဒုတနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ဇိနမာန်အောင်ဘုရားကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံ ပန္တက်တော်တင် မင်္ဂလာပြုလုပ်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်၊ သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ဒုံဟီးမြို့နယ်ခွဲသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသခံနာဂပြည်သူများအတွက် ခြုံစောင်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နန်းယွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ခြုံစောင်များ၊ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်း ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့အတူ လဟယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ လဟယ်မြို့နယ် ဒေသအတွက် ခြုံစောင်များ ပေးအပ်ခဲ့သည်။

ထို့ပြင် လဟယ်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းတို့မှ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မေ ၂၀ ရက် နံနက်ပိုင်းတွင် လေရှီးမြို့ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးရုံအဆောက်အအုံများနှင့် လေရှီးမြို့ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မည် မြေနေရာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ဆွမ္မရာမြို့နယ်ခွဲ အထက်တန်းကျောင်း အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ သီတဂူအဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံရှိ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ဆုတောင်းပြည့်စေတီ ဉာဏ်တော် ၇၂ တောင် ရွှေထီးတော်ပုံတု တည်ထားဆောက်လုပ်နေမှုနှင့် စကျဒါနသံဃာ့ဆေးရုံ ဆောက်လုပ်နေမှု၊ မြို့မအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့တက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ တန်ဖိုးနည်းမိုဘိုင်းဖုန်းများနှင့်ပတ်သက်၍ တပ်မံအသိပေးကြေညာချက်

ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် ၂၀၁၃ ခုနှစ် မေ ၂၄ ရက်တွင် စတင်ရောင်းချမည့် MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA 800 MHz မိုဘိုင်းတယ်လီဖုန်းစနစ်သည် လက်ရှိ မိုဘိုင်းဖုန်းများကဲ့သို့ အထွက်ခေါ် ဆိုမှုအတွက်တစ်မိနစ်လျှင် ငွေကျပ် ၅၀ ဖြစ်ပါသည်။ အဝင်ခေါ် ဆိုမှုအတွက် ငွေပေးဆောင်ရန်မလိုအပ်ပါ။ အင်တာနက်အသုံးပြုမှုအတွက် ငွေကောက်ခံသည့်နှုန်းမှာ ယခင် CDMA 800 MHz မိုဘိုင်းတယ်လီဖုန်းများကဲ့သို့တစ်မိနစ်အသုံးပြုခ လေးကျပ်ဖြစ်ပါသည်။ အင်တာနက်အသုံးပြုလိုပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီးမန်နေဂျာရုံးများတွင် အင်တာနက်စနစ်ဆက်သွယ်မှုကနဦးတပ်ဆင်ခ ကျပ် ၁၀၀၀၀ ပေးသွင်းလျှောက်ထားရပါမည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA 800 MHz မိုဘိုင်းတယ်လီဖုန်းစနစ်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ရေဒီယိုစခန်းပေါင်း ၂၈၂ စခန်းရှိပြီး အဆိုပါရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းမှ ပြည်တွင်း/ပြည်ပသို့ တယ်လီဖုန်းခေါ် ဆိုမှုများ ပြုလုပ်နိုင်ပါသည်။ အဆိုပါ ရေဒီယိုစခန်းများ၏ နယ်နိမိတ်များအတွင်း အပြန်အလှန်ယူဆောင်အသုံးပြုနိုင်ပါသည်။ ဆက်သွယ်မှုအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် စခန်းသစ်များကိုလည်း ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA 800 MHz မိုဘိုင်းတယ်လီဖုန်းများသည် ကြိုတင်ငွေဖြည့်ကတ်အသုံးပြု၍ ပြည်တွင်း/ပြည်ပသို့ တယ်လီဖုန်း ဆက်သွယ်ပြောဆိုနိုင်ပါသည်။ ပြည်ပသို့ တယ်လီဖုန်းခေါ် ဆိုလိုပါက MECTEL အမှတ်တံဆိပ်ပါ နိုင်ငံခြားငွေသုံးကြိုတင်ငွေဖြည့်ကတ် (10$, 20$, 50$) အား အသုံးပြုရပါမည်။ ဖော်ပြပါ MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA 800 MHz မိုဘိုင်းတယ်လီဖုန်း ကြိုတင်ငွေဖြည့်ကတ်များ ရောင်းချမည့် နေရာ၊ ဒေသနှင့် အရောင်းဆိုင်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာထားပြီးဖြစ်ပါသည်။

MECTEL CDMA 800 MHz မိုဘိုင်းတယ်လီဖုန်းကတ်ပျောက်ဆုံးပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးများတွင် ကျပ် ၂၀၀၀၀ ပေးသွင်းပြီး ပြန်လည်လျှောက်ထားရပါမည်။ MECTEL မိုဘိုင်းတယ်လီဖုန်းကတ်ပျက်စီးပါက ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးများတွင် အခမဲ့လျှောက်ထားရယူနိုင်ပါသည်။ MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်းနှင့်ပတ်သက်၍ မေးမြန်းလိုပါက တယ်လီဖုန်းအမှတ် ၃၄၅၆ သို့ အခမဲ့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရှေးဟောင်းရခိုင်လှေကြီး ပြတိုက်ဆောက်၍ ပြသထားမည်

ရန်ကုန် မေ ၂၃

သမိုင်းသုတေသီများက ရှေးဟောင်းရခိုင်လှေကြီးဟု ယူဆထားသည့် သစ်သားလှေကြီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ Kiralata မြို့၌ ပြတိုက်တစ်ခု တည်ဆောက်ပြီး ပြသထားမည်ဟု သိရသည်။

ရှေးဟောင်း ရခိုင်လှေကြီး **(အောက်ပုံ)**မှာ အလျား ပေ ၇၀ ၊ အနံ ၂၃ ပေရှိပြီး ၂၀၁၂ ခုနှစ် ဇွန် ၂၉ ရက်က ရခိုင်အခေါ် အဝကျွန်းဒေသ ပင်လယ်ကမ်းစပ်သဲသောင်ပြင်၌ တွေ့ရှိခဲ့ကြောင်း သိရသည်။ ၁၇၈၄ ခုနှစ် ရခိုင်ပြည်ကို မြန်မာဘုရင် ဘိုးတော်ဘုရား ဝင်ရောက်သိမ်းပိုက်ချိန် စစ်ဘေးစစ်ဒဏ်ကြောင့် ရမ်းဗြဲနှင့် မာန်အောင်ဘက်က ထောင်သောင်းချီသော ရခိုင်လူမျိုးများ လှေကြီးများကို အသုံးပြုကာ ထွက်ပြေးလာကြပြီး အဝကျွန်းဒေသကို တည်ထောင်ခဲ့ကြောင်း သမိုင်းသုတေသီတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လူအများစုသည် ဒေသရပ်ရွာများသို့ ပြန်သွားကြသော်လည်း လက်ရှိကာလတွင် အဝကျွန်းဒေသ၌ ရခိုင်ရွာပေါင်း ၅၀ နီးပါးတည်ရှိနေပါသည်။ ရခိုင်လူမျိုးများရောက်ရှိစဉ်က အဆိုပါဒေသသည် တောကြီးမျက်မည်းဖြစ်ပြီး လူသူနေသည့် အရပ်မဟုတ်ဟု ရှေးမိနောက်မိကျွန်းဒေသရှိ လူကြီးများက ပြောသည်။

ရှေးဟောင်းရခိုင်လှေကြီး အမိုးအကာအောက် ရောက်ရှိရေးအတွက် ဘင်္ဂလားဒေ့ရှ် ရှေးဟောင်းသုတေသနက အပူတပြင်း စီစဉ်လျက်ရှိသည်။ ယခုကဲ့သို့ ရခိုင်ရှေးဟောင်းလှေကြီးကို ပြတိုက်ပြုလုပ်ပြီး ပြသထားခြင်းဖြင့် ယင်းဒေသသို့ လာရောက်လည်ပတ်သူများတိုးပွားလာကာ ခရီးသွားလုပ်ငန်းလည်း တိုးတက်လာနိုင်ကြောင်း သိရသည်။ **(မကွေးလှမြင့်)**

အင်းစိန်မြို့နယ်၌ ဂက်စ်အိုးပေါက်ကွဲ

ရန်ကုန် မေ ၂၃

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အဝေးပြေးနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်း၌ ဂတ်(စ်)

အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲအချိန်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အဝေးပြေးပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း ကျောက်စိမ်းလမ်း (၆)လမ်း အဆောင် (၃၀) အခန်း (၅)ရှိ "ငွေလမင်း" ဟင်္ဂလန်၊ U ဘင့်၊ H ဘင့်၊ C ချန်နယ်၊ သံပိုက်၊ ဟောလို၊ ပါလင်ကလစ်၊ သံလုံး၊ သံပြား၊ ဘိုးနတ်နှင့် Gasses Plate အမျိုးမျိုး သံပြားဆိုဒ်စုံ အပေါက်ဖောက်သည့်ဆိုင်တွင် အလုပ်သမားအမည်(စိစစ်ဆဲ)မှ သံပြားများအား ကာဗိုက်ဖြင့် ဖြတ်တောက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ ဆိုင်ခန်းအတွင်းပျက်စီးခဲ့ပြီး လွင်ဇော်ဖြိုး(ခ)စွတ်ဟဲ(၁၅)နှစ်၊ အမည်(စိစစ်ဆဲ) အလုပ်သမား၊ ကျော်လင်း(စိစစ်ဆဲ)(ပစ္စည်းလာပို့သူ)တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကာ နေဖြိုးဝေ(၁၆)နှစ် ဘိုခြံရပ်ကွက် မင်္ဂလာဒုံမြို့နယ်၊ ကျော်ထက်အောင်(၂၀)နှစ် မရမ်းကုန်းမြို့နယ်၊ မျိုးရန်(၂၂)နှစ် မင်္ဂလာဒုံမြို့နယ်၊ မလွင်လွင်ခိုင် (၂၈)နှစ် မြောက်ဒဂုံမြို့နယ်နှင့် မျိုးလွင်ဦး(၂၄)နှစ်တို့မှာ ခန္ဓာကိုယ်အနှံ့အပြားပွန်းပဲ့ပေါက်ပြဲဒဏ်ရာ အသီးသီးရရှိခဲ့၍ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ကာ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ကုသလျက်ရှိရာ မျိုးလွင်ဦးမှာ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် သေဆုံးသွားခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် ဆိုင်ရှင် မနီနီဝင်း (၂၂)နှစ် တိုက် (၁၀) အခန်း (၂၀၂) (က)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် (နှင်းဦးယဉ်အိမ်ယာ) နေသူအား အင်းစိန်ရဲစခန်းက (ပ) ၄၄၁/ ၂၀၁၃၊ ပုဒ်မ ၂၈၆ /၃၃၇/၃၀၄-က အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။**ဇော်ကြီး(ပဏီတ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

☆ နှစ်နိုင်ငံမှ

နှစ်နိုင်ငံအကြားတွင် ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍ မြှင့်တင်နိုင်ရေးတွင် ပညာသင်ဆုများပေးအပ်ခြင်း၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံသမ္မတက မိမိအနေဖြင့် ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ကြောင်း၊ ယခုဒုတိယအကြိမ် လာရောက်ချိန်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍ၊ တည်ငြိမ်အေးချမ်းမှုဖော်ဆောင်ရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် ထင်ရှားသည့်အောင်မြင်မှုများကို တွေ့ရှိရသဖြင့် များစွာချီးကျူးဂုဏ်ပြုပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးသကဲ့သို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အစိုးရပိုင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် တိုက်တွန်းသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကိုလည်း လာမည့်နှစ်တွင် ဒေါ်လာသန်း ၁၀၀၀ ထိ ရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအဆိုပြုသည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် သဘောတူညီပါကြောင်း၊ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်တို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Gita Irawan Wirjawan တို့က နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. R. M. Marty M. Natalegawa တို့က နှစ်နိုင်ငံအကြား လူ့စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးတို့က နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

○ သတ္တမမြောက်ဆင်ဖြူရတနာမှ

နှစ်ဝေ ကိုးလက်မ၊ ခန္ဓာကိုယ်လုံးပတ်သုံးပေ ခုနှစ်လက်မရှိသည်။ ဆင်ငယ်မှာ မိခင်နို့ရည်ကို စတင်သောက်စို့လျက်ရှိပြီး မိခင်ဆင်မကြီးနှင့် ဆင်ငယ်တို့မှာ ကောင်းစွာကျန်းမာလျက်ရှိသည်။

ယခင်ကလည်း စကုဏ္ဍမြောက်ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဆင်ဖြူတော်ရတနာ ဇာကကလျာကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်၌ပင် မွေးဖွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

International Crisis Group မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ငြိမ်းချမ်းရေးဆုချီးမြှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတကိုယ်စား ဆုတက်ရောက်လက်ခံရယူ

ရန်ကုန် ဧပြီ ၂၃

International Crisis Group မှ ငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲကို ဧပြီ ၂၂ ရက် ညနေ ၅ နာရီတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ The Pierre Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရာဇီးနိုင်ငံသမ္မတဟောင်း မစ္စတာလူးဝစ်လူလာတို့က လက်ခံရရှိခဲ့ကြသည်။

အခမ်းအနားတွင် ICG ဥက္ကဋ္ဌ Mr. Thomas R.Pickering နှင့် Fiore Finanial Corporation မှ President & CEO Mr. Frank Giustra တို့က တတ်ရောက်လာကြသူများအား ကြိုဆိုကြပြီး ဆုတောင်းပတ္ထနာပြုကြသည်။

ထို့နောက် ည ၇ နာရီခွဲတွင် ဆုပေးပွဲနှင့်ညစာစားပွဲအခမ်းအနားကို ကျင်းပရာInternational Crisis Group ၏ We are the International Crisis Group video clip ကို ပြသသည်။ ထို့နောက် ICG President & CEO, Luise Arbour နှင့် အခမ်းအနားမှူး BBC World news America မှ Katty Kay တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ Soros Fund Management LC ဥက္ကဋ္ဌ Mr. George Soros က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အတွက် ဆုပေးအပ်ကြောင်းကြေညာသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဗီဒီယို Clip ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နှုတ်ခွန်းဆက်ကျေးဇူးတင်ရှိကြောင်း မိန့်ခွန်းဗီဒီယိုကို ပြသပြီး နိုင်ငံတော်သမ္မတကိုယ်စား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးဆုအား လက်ခံရယူကာ **(အပေါ်ယာဉ်)** ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ICG က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ် မတ်လက သမ္မတရာထူးကို လက်ခံရရှိပြီးနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြောင်မြောက်သော ပြုပြင်ပြောင်းလဲရေးအစီအမံများကို ချမှတ်ကာ နိုင်ငံအတွက် သမိုင်းဝင်စေမည့် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် ဆက်ဆံရေးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ အတိတ်က ဖိနှိပ်သည့် ဥပဒေများကို ဖျက်သိမ်းပေးခဲ့ကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုအများအပြားရရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အတိတ်ကာလအမွေဖြစ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရဦးမည် ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုများမှာ ဒေသတိုင်း၌ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုများအပေါ် ခွဲခြားမှုပပျောက်ရေး၊ နှစ်ပေါင်းများစွာ အသီးကျန်နေထိုင်ခဲ့ပြီးနောက် နိုင်ငံတကာသို့ မြန်မာနိုင်ငံ၏ ပွင့်လင်းမှုနှင့်အတူ ထွက်ပေါ်လာသော အကျိုးအမြတ်များကို နိုင်ငံသားတိုင်းခံစားရရှိနိုင်စေရေး စသည်တို့ပင်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး အင်[...] ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့်[...]

နေပြည်တော် ဧပြီ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော အင်ဒိုနီးရှားသ[...] ဇနီး မစ္စစ် ဟာဂျာ အာနီးဘမ်ဘန်း ယူဒိုယိုနိုတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေ[...] ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ဥယျာဉ်ရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါ[...]

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပရာနေရာသို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှားသမ္မတက ၎င်းနှင့်အတူ လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်နှင့် ဦးဇေယျာအောင်၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် ဇနီးတို့နှင့်အတူ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်လေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးရာ၌ နိုင်ငံတော်သမ္မတက အစိုးရသစ် တာဝန်ယူပြီးချိန်မှစတင်ပြီး ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေ၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမှုများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းဆွေးနွေးသည်။

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

...က်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ...တ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၄

...မ္မတ မြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ...ာနီးသမ်ဘန်း ယူဒိုယိုနိုတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ...နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

...သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

...် အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ...သည် ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပရာနေရာသို့ ရောက်ရှိ ...မ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာကြိုဆို

...နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ...ချိန်တွင် နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာ ...သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

...်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ ...အပြီးတွင် နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှားသမ္မတ ...ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် ...ပးပြီး နိုင်ငံတော်သမ္မတလည်း ၎င်းနှင့်အတူ ကြိုဆို ...နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

...အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ... ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန် ...၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ...ဝိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည် ...င်ငံ သမ္မတနှင့် ဇနီးတို့နှင့်အတူ ဝန်ကြီးများ၊ လွှတ်တော် ...န်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးနှင့် အဆင့်မြင့် ...်ရောက်ကြသည်။

...ပြုကြိုဆိုပွဲအခမ်းအနားတွင် နေပြည်တော်အမှတ်(၅) ...တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်ထေးများ ...ံငယ်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

...်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် ...ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတက အစိုးရသစ် တာဝန်ယူပြီးချိန်မှ ...း၏ ဆန္ဒနှစ်ခုဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်း ...ျိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ...ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ...တ်တိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေ ...ရေးဖြစ်စဉ်တွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိ ...ပေးမှုများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ...နဖြင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက် ...ာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံသမ္မတက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက် ထောက်ခံအားပေးခဲ့မှုအခြေအနေ၊ အနာဂတ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပဋိပက္ခ ဖြေရှင်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ်ဟာဂျာအာနီးဘမ်ဘန်းယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ည စနာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတများသည် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးအတွက် ဆုတောင်းပတ္ထနာပြုကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထိုအပြင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာရိုးရာ အတပဒေသာများဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က Saman Dance၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးရေးသားသည့် "ခိုင်မြဲချစ်ကြည်လက်တွဲမည်" (Memban-gun Persahabatan) တေးသီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီထိုဘမ်ဘန်း ယူဒိုယိုနိုရေးသား၍ မြန်မာတေးသံရှင် တီသုရဝင်း သီဆိုသည့် "လွမ်းဆွတ်တမ်းတခြင်း" (Rinduku Padamu) တေးသီချင်းဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။**(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲနှင့် ပဒေသာကပွဲများသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

စွမ်းအားရှိသလောက် ဆောင်ကြဉ်းခွင့်ရတဲ့အတွက်ရော၊ ပြုပြင်ပြောင်းလဲမှုတွေကို ကိုယ်တိုင်တွေ့ကြုံပါဝင်ပက်သက်ရတာတွေရော ကျွန်တော့်အတွက်တော့ ကံကောင်းမှုတစ်ရပ်ထို ဆိုရမှာဖြစ်ပါတယ်။

ဒီဆုကို ရရှိနိုင်ဖို့အတွက် ကျွန်တော်ဟာ တစ်စိတ်တစ်ပိုင်းအနေနဲ့ပဲ ပါဝင်တယ်ဆိုတာ နားလည်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်နဲ့အတူ လက်တွဲပါဝင်ခဲ့ကြတဲ့သူတွေ၊ အခုလက်ရှိအတူတကွ မျှဝေခံစားပြီး လက်တွဲ ချီတက်နေကြတဲ့သူတွေ၊ ဆက်လက်ပြီးတော့လည်း ဒီမိုကရေစီခရီးအတွက် လက်တွဲချီတက်နေကြတဲ့သူတွေအားလုံးဟာ ဒီဆုနဲ့ သက်ဆိုင်ကြသူများဖြစ်ပါတယ်ဆိုတာကိုလည်း အသိပေးလိုပါတယ်။ ကျွန်တော့် ပြည်သူပြည်သားများအပေါ်မှာ ကျွန်တော့်အနေနဲ့ထားရှိနိုင်ခဲ့တဲ့ မြန်မာနိုင်ငံတော်သစ်ကို ဆောင်ကြဉ်းနိုင်မယ်ဆိုတဲ့ ဒီယုံကြည်ချက်အတွက် ကျွန်တော့်ရင်ထဲက ပျော်ရွှင်မှုအားလုံးကို စကားလုံးအနေနဲ့ ဘယ်လိုမှ မဖော်ပြနိုင်ပါဘူး။

ကျွန်တော်တို့အားလုံးဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်ရှိနေကြပါပြီ။ ကျွန်တော်တို့ဖြစ်ချင်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာအောင် ကျွန်တော်တို့ အားလုံး အစွမ်းကုန် ဆက်လက်ကြိုးစားကြရမယ်ဆိုတဲ့ အချက်ကိုလည်း ကျွန်တော့်အနေနဲ့ အစဉ်အမြဲ အမှတ်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနေအထားအရ အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ခုရရှိဖို့ တိုင်းရင်းသားလူမျိုးအားလုံး စုလင်ပြီး လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေအားလုံးကို ရင်ဆိုင်နိုင်ဖို့အတွက် အတိတ်က ကြုံတွေ့ခဲ့ရတဲ့ ခါးသီးမှုတွေကို အတူတကွ ပြန်လည်ကုစားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီဖော်ဆောင်လို့မရနိုင်သလို ဒီမိုကရေစီမရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးမရနိုင်ပါဘူး။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီမျှော်ထင့်ချက်အသစ်ထွေနဲ့ မြန်မာနိုင်ငံကို လာရောက်လေ့လာကြဖို့လည်း အားလုံးကို လိုက်လှဲဝမ်းမြောက်စွာ ဖိတ်ခေါ်ပါတယ်။ ဒီမိုကရေစီဆိုတာ မျှော်လင့်ချက်သက်သက်၊ အတွေးအခေါ်သက်သက် မဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီအခြေခိုင်ဖို့အတွက် လိုအပ်တဲ့ အင်စတီကျူးရှင်းတွေ၊ ဒီမိုကရေစီအလေ့အကျင့်ထွေကို စတင်တည်ဆောက်နေတာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ နှုန်းစံတွေဖြစ်တဲ့ညီမျှမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံရေးရင့်ကျက်မှု စတာတွေကို ပြုစုပျိုးထောင်နေတာဖြစ်ပါတယ်။ ဒီမိုကရေစီကပေးအပ်ထားတဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်မှုကို တျင့်သုံးတဲ့နေရာမှာ တခြားသူတစ်ယောက်ရဲ့ အခွင့်အရေးတို မထိပါးမိစေဖို့၊ အနှောင့်အယှက်မပြုမိစေဖို့အတွက်လည်း မိမိတို့အနေနဲ့ အမြင်ကျယ်တျယ်ထားပြီး လုပ်ဆောင်ရမှာဖြစ်ပါကယ်။

အတိတ်က စိတ်ကူးယဉ်သက်သက်သာဖြစ်ခဲ့တဲ့ ကိစ္စရပ်တွေဟာ ဒီအချိန်မှာတော့ လက်တွေ့တျတျ အကောင်အထည်ဖော်ထို့ရနေပါပြီ။ အရာအားလုံးဖြစ်နိုင်တယ်ဆိုတဲ့ အချိန်တွေကို ရောက်ရှိနေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချိန်တွေမှာ ဖြစ်နိုင်ခြေအားလုံးကို အနာဂတ်အတွက် အကျိုးရှိစေမယ့် လက်တွေ့ကျတဲ့ လုပ်ဆောင်မှုတွေအဖြစ် ပြောင်းလဲနိုင်ဖို့ အလွန်ပဲအရေးကြီးပါတယ်။

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းကို ပွင့်လင်းတဲ့၊ နိုင်ငံရေးရင့်ကျက်မှုရှိတဲ့၊ အပြန်အလှန်လေးစားတက်တဲ့၊ အားလုံးပါဝင်နိုင်တဲ့ ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရောက်ရှိအောင် ကျွန်တော်တို့အားလုံး စုပေါင်းကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒီလိုကြိုးစားထဲနေရာမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အများကြီးရှိတာကိုလည်း မိမိအနေနဲ့ သဘောပေါက်ထားတဲ့နည်းတူ ပြုပြင်ပြောင်းလဲမှုတွေကို စေတနာမှန်ကန်စွာ၊ စိတ်အားထက်သန်စွာ ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားပေးကူညီမယ့် မိတ်ဖက်နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေအများကြီးရှိတဲ့အတွက်လည်း များစွာအားတက်မိပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးရှည်ကြီးမှာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံသားတွေနဲ့အတူ ဆက်လက်ရှိနေပေးဖို့လည်း မျှော်လင့်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

အဆိုပါအခမ်းအနားတွင် ဘရာဇီးသမ္မတဟောင်း Lula Da Silva သည်လည်း ICG အဖွဲ့က ပေးအပ်သည့် အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် သန်းပေါင်းများစွာသော ပြည်သူများ ဆင်းရဲတွင်းမှလွတ်မြောက်အောင် စွမ်းဆောင်ခဲ့သည့် ၎င်း၏ကြိုးပမ်းမှုများအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။

ကမ္ဘာ့နိုင်ငံအတော်များများက ဦးတည်ရာလမ်းကြောင်းလွဲမှားစွာဖြင့် လျှောက်လှမ်းနေချိန်တွင် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သမ္မတများက ၎င်းတို့၏ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လမ်းကြောင်းများဖြင့် ဦးဆောင်လျှောက်လှမ်းနိုင်ခဲ့မြင်းမှာ အတုယူစရာစံနမူနာကောင်းများဖြစ်ကြောင်း ICG အကြီးအကဲ Thomas R. Pickering က ပြောကြားခဲ့သည်။

တောင်ကြီးမြို့၌ တန်ဖိုးနည်းဖုန်း မဲနှိုက်ရွေးချယ်

တောင်ကြီး မေ ၂၃

တောင်ကြီးမြို့ပေါ်ရပ်ကွက်ကြီး (၂၂)နှင့် အေးသာယာမြို့သစ်တို့မှ တန်ဖိုးနည်းမိုဘိုင်းဖုန်းလျှောက်ထားသူပေါင်း မေ ၂၀ မှ ၂၂ ရက် စာရင်းပိတ်ချိန်အထိ ၄၇၀၀ ဦးရှိရာ ပထမအကြိမ် တောင်ကြီးမြို့တွင် ရောင်းချမည့် ဖုန်းဆင်းကတ်အရေအတွက် ၂၅၅၀ သာ ဖြန့်နိုင်မည်ဖြစ်သောကြောင့် လျှောက်ထားသူများ သဘောကျလက်ခံသည် မဲနှိုက်သည့်စနစ်ဖြင့် ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့တော်ခန်းမတွင် စည်ကားစွာတျင်းပ ခဲ့ သည်။

တန်ဖိုးနည်းမိုဘိုင်းဖုန်းရောင်းချမည် ကော်မတီဥက္ကဌ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရှမ်းပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးထွန်းသိန်းတို့က တယ်လီဖုန်းလျှောက်ထားသူများကို စည်းကမ်းချက်များရှင်းပြပြီး ယခု ပထမအကြိမ်တွင် မဲမပေါက်သေးသူများ နောက်လ ဒုတိယအကြိမ်တွင် ဆက်လက် မဲဖောက်ပေးမည်ဖြစ်ကြောင်း၊ တက်ရောက်သူထို့စိတ်ကြိုက်ရွေးချယ်ထားသော ပုဂ္ဂိုလ်များ၊ ရဟန်းတော်များကြီးကြပ်၍ အများရှေ့တွင် ချထားသော မဲပုံးများထဲမှ ဦးရေ ၂၅၅၀ ကို ယနေ့ မဲနှိုက်ရွေးချယ်ကာ မေ ၂၄ ရက်မှ ၂၉ ရက်အတွင်း ငွေသွင်းခြင်း၊ ဆက်သွယ်ရေးစာချုပ်ချုပ်ဆိုခြင်းဖြင့် ၁၅၀၀ ကျပ်တန် Sim Card များကို သတ်မှတ်နေရာများတွင် ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။

ရှမ်းပြည်နယ်အနေဖြင့် တန်ဖိုးနည်းဖုန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယခုပထမလတွင် ရှမ်းပြည်နယ်တောင်ပိုင်း၌ တောင်ကြီး၊ ကလော၊ ဗထူး၊ ခိုလမ်၊ အောင်ပန်း၊ ဆီဆိုင်၊ ဟိုပုံး၊ မိုင်းပန်၊ လင်းခေးမြို့များတွင်သာ ဖြန့်ဝေရောင်းချနိုင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ...

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းတုံ၊ ကျိုင်းတုံမြို့များတွင် မဲစနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။ **သန်းဝေ(တောင်ကြီး)**

သဘာဝတောတွေထိန်းသိမ်းစို့

အဲဒါ . . . တကယ်လားဟင်

ခင်မောင်ဌေး (ပညာရေး)

သားအမိနှစ်ယောက် အပြန်အလှန်စကားပြောသံကြားနေရ၏။ မအေဖြစ်သူက “သဘော်သီးမှည့်တစ်လုံးသုံးရာ ငါဝယ်နေကျတဲ့”။ သမီးကြီးကလည်း အခုမရခဲ့ဘူး။ ငါးရာကျပ်တဲ့။ ခရမ်းချဉ်သီးကလည်း သုံးထောင်စျေး။တစ်ဆယ်သားမှ လေး-ငါးလုံးပဲစီးတယ်တဲ့။ သားအမိနှစ်ယောက်အချီအချ။ နောက်ဆုံးတော့ သမီးကြီးက “အမေကိုယ်တိုင်ပဲ စျေးဝယ်ပေးတော့”ဟု အဆုံးသတ်လိုက်၏။ “သြော်-စျေးအကြောင်းယောက္ခမပြောနဲ့” ဟု အဆိုရှိသည်မဟုတ်ပါလား။

ဧပြီလတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပင်စင်စားများလစာတိုးတော့မည်ဟု ဆိုကတည်းက ကုန်စျေးနှုန်းက တက်ချင်နေသည်။ ဤသည်မှာလည်း အစဉ်အလာတစ်ခုသဖွယ်ဖြစ်နေတော့၏။ နိုင်ငံတော်မှလစာအကြိမ်ကြိမ် တိုးပေးခဲ့သည်။ လစာတစ်ကြိမ်တိုးတိုင်း ကုန်စျေးနှုန်းကကြိုး၍ တက်နေသော ကြောင့် တိုးမြင့်သည့်လစာမခံစားရမီကပင် ကုန်စျေးနှုန်းကြီးမြင့်မှုကို ခံစားနေရ၏။

ကုန်စျေးနှုန်းမှာ အခြားသော အခြေအနေများပြောင်းလဲမှုမရှိဘဲ စျေးနှုန်းသက်သက်ခုန်တက်နေခြင်းမှာ ဝိသမစီးပွားရေးသမားများ၏လက်ချက်ပင်ဖြစ်သည်။ ကြည့်ပါဦး။ ပြည်တွင်းလောင်စာဆီစျေးနှုန်း ပုံမှန်ရှိသည်။ ပို့ကုန်/သွင်းကုန်ကိစ္စပုံမှန်၊ငွေလဲလှယ်နှုန်းထားပုံမှန်၊ ရွှေစျေးဆိုလျှင် ခေါက်သိန်းခြောက်သောင်းအထိပင် ကျလိုက်သေး။ ရွှေစျေးတက်ခြင်း၊ကျခြင်းကား အခြေခံလူတန်းစားအတွက် ပဲပြုတ်စျေး၊ ပဲပင်ပေါက်စျေးလောက်ပင် စိတ်ဝင်စားဖို့မကောင်း။ အခြေခံစားကုန်စျေးနှုန်းတည်ငြိမ်ရေးကိုပင် စိတ်ဝင်စားသည်။ ယခုကဲ့သို့ ကုန်စျေးနှုန်းမတည်မငြိမ်ဖြစ်နေရခြင်းမှာ ဝန်ထမ်းလစာတိုးမြှင့်မှုပေါ်တွင်သာ ဦးတည်နေသည်ဟု ဆိုနိုင်ခြင်းပင်ဖြစ်သည်။

ဝိသမစီးပွားရေးသမားဟူသည် ငွေကြေးအမြတ်အစွန်းများများအမြတ်ရရှိရေးတစ်ခုတည်းကိုသာ လိုလားသူများ ဖြစ်ကြသည်။

ဥပမာ (၁)။ နိုင်ငံတော်က လူတိုင်းဖုန်းကိုင်နိုင်ရန်ဆင်းကတ်များကို စျေးနှုန်းချိုသာစွာနှင့် ချပေး၏။ သို့သော်လည်း ဟန်းဆက်စျေးနှုန်းများ ယခင်ရောင်းချသည့် စျေးနှုန်းထက်တက်ရန် ကြံနေကြ၏။ အချို့တက်စပြုနေ၏။ ထို့ကြောင့် နိုင်ငံတော်သမ္မတကပင်ပြည်သူများစျေးနှုန်းမြင့်မားမှုမရှိစေရန် အခွန်လျှော့ပေါ့ခြင်း၊ အပြိုင်အဆိုင်ရောင်းဝယ်နိုင်မှုရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာထား၏။

ဥပမာ (၂) နိုင်ငံတော်က ကားတင်သွင်းရေးမူဝါဒပြောင်းလဲခဲ့သည်မှာလူတိုင်းကားစီးနိုင်ရန်၊မော်ဒယ်မြင့်မြင့် ကားကောင်းများပိုင်ဆိုင်နိုင်ရန် ဖြစ်သည်။ သို့သော်လည်း စီးပွားရေးသမားအချို့သည် အလကားနီးနီးရသည့် ကားအစုတ်များတင်သွင်းကာ ဒဏ်ကြေးဆောင်၍ အမြတ်များများတင်၍ ရောင်းချလာကြ၏။ ထို့ကြောင့် ဆက်လက်ခွင့်မပြုနိုင်ဘဲ အရေးယူရမည့် အဆင့်ရောက်သွားသည်။

ယခုလည်း တိုးမြှင့်လစာမခံစားမီကပင် ကုန်စျေးနှုန်းက စိန်ခေါ်နေလေပြီ။တိုးမြှင့်လစာမှာ ကုန်စျေးနှုန်းဒဏ်ကြောင့် ‘သမင်မွေးရင်း ကျားစားရင်း’ ဖြစ်နေပေတော့မည်။ ကုန်စျေးနှုန်းမြင့်မားမှုဒဏ်ကို အဆိုးရွားဆုံးခံရသူများမှာ ဝန်ထမ်းလည်း မရှိ ဝန်ထမ်းလည်းမဟုတ်၊ ပင်စင်စားလည်းမပါသည့် မိသားစုများပင်ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် တိုးမြင့်လာသည့် ကုန်စျေးနှုန်းအတွက် တိုးမြင့်လာသည့် လစာငွေဖြင့်မကာမိသည့်တိုင် ကြံသာဖန်သာ ရှိသေး၏။ လစာတိုးမြှင့်မှုမခံစားရသည့် အခြေခံလူတန်းစားများအတွက်မှ ကုန်စျေးနှုန်းတည်ငြိမ်ရေးကို ထိုက်သင့်သကဲ့သို့ စီမံဆောင်ရွက်ပေးရန်လိုလားခြင်းပင်ဖြစ်သည်။

ကုန်စျေးနှုန်းကြီးမြင့်လာခြင်းသည် အခြေခံလူတန်းစားများ၏ လူနေမှုဘဝကို လှုပ်ခတ်စေပါသည်။ နည်းမှန်လမ်းမှန်ဝင်ငွေရှာဖွေခြင်းကို ပွန်းပဲ့စေသည်။အိမ်ထောင်စုမိသားစုအတွင်း အေးငြိမ်းသာယာမှုကိုပင် ထိပါးစေနိုင်ပါသည်။

ကုန်စျေးနှုန်းနှင့်ပတ်သက်လျှင် အဆိုတစ်ခုရှိသည်။ယင်းမှာ ‘အတက်သာရှိသည်-အကျမရှိ’ ဟုဆိုခြင်းပင်။ ကုန်စျေးနှုန်းများမြင့်တက်လာသော်လည်း ရောင်းချသည့်ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာပါသလား။ ပဲပြုတ်သည်ကပဲပြုတ်၊ ကန်စွန်းရွက်သည်ကကန်စွန်းရွက်။ ငါးဖိသည်ကငါးဖိ။အရောင်ဆိုးထားသည့် မှစ်ကအရောင်ဆိုးလျက်၊ ရေထိုးထားသည့်ကြက်သားက ရေထိုးလျက်။ ကြာတော့လည်း လစာတိုးမှာပင်ကြောက်လာတော့၏။ လစာတိုးလိုက် ကုန်စျေးနှုန်းက တက်လိုက်၊ ကုန်စျေးနှုန်းတက်လိုက်၊ လစာတိုးပေးလိုက်နှင့် ဂျာအေးသူအမေရိုက်နေတော့၏။ ဤသို့ဖြင့် ဆန်တစ်ပြည် ၆၅ ပြားမှ ယနေ့တစ်ထောင်ကျော်နေလေပြီ။ ရေသန့် ၂၀ လီတာ တစ်ဘူးတစ်ရာမှ ငါးရာ။ အမဲသားတစ်ပိဿာ လေးငါးထောင်မှ ယနေ့ ခုနစ်ထောင်ရှစ်ထောင်။

အကြောင်းအရာတစ်ခုခုပြောတိုင်း အခြားနိုင်ငံအကြောင်းရောက်ရောက်သွားတတ်သည်။ထည့်တော့ မပြောချင်။သို့သော် ကိုယ်တိုင်ကလည်း ဘယ်နိုင်ငံရပ်ခြားမှ မရောက်ဖူးပါ။ သည်တော့လည်း ရောက်ဖူးကြသူများပြောသည်ကို မှတ်သားထားမိနေသည်။ သူတို့ရောက်သည့် နိုင်ငံများတွင် တောအရပ်မှာပဲ ဝယ်ဝယ်၊ မြို့ထဲမှာပဲဝယ်ဝယ်၊ ဝယ်ချင်သည့် နေရာဝယ်၊ ဝယ်ချင်သည့်အချိန်ဝယ် ကုန်ပစ္စည်းတစ်မျိုး၏ တန်ဖိုးသည် အတူတူပင်ဖြစ်သည် . . တဲ့။ ကိုယ်တိုင်ကမှ မရောက်ဖူးတာ။ သည်တော့လည်း “အဲဒါ . . . တကယ်လားဟင်”ဟု၍ သာမေးကြည့်နေမိတော့၏။ ။

※ အကျဉ်းသား၊ အကျဉ်းသူမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့ကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း အဆိုပါအကျဉ်းသား၊ အကျဉ်းသူ ၉၃ ဦးတို့အား နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဃာပုံ)**

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

တရုတ်နိုင်ငံ၌ H7N9 ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသို့ ၎င်းရောဂါကူးစက်မလာစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဆောင်းခိုငှက်များနှင့် အိမ်မွေး ကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိရေး ဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၃) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(၄) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(၅) ကြက်ငှက်အသား၊ ဥစသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(၆) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

(၇) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ရွှေတိဂုံစေတီတော်ကြီး (၂၆၀၁)နှစ်ပြည့် ထူးခြားဆန်းကြယ်စသော ဖြစ်ရပ်များ

ဆရာစကြာကောင်းစံပြုစုသော ရွှေတိဂုံစေတီတော်ကြီး (၂၆၀၁)နှစ်ပြည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများစာအုပ် ထွက်ရှိလာသည်။ ဤစာအုပ်တွင် မဟာနဝင်းတော်ကြီးကိုးပါးဝင် ရွှေတိဂုံဆံတော်ရှင်၊ ရွှေတိဂုံစေတီတော်ကြီးနှင့် စျာန်ပံ့ရဟန်းတော်များ၊ ရေပြန်ခေါင်းလောင်း၊ အမေကြီးရှင်စောပုစံနှုန်းဆီ တစ်ခေါက်ရောက်ခဲ့သည်။ မင်းမွေ့စေတီနှင့် မြနန်းနွယ်ခေါင်းလောင်းကြီးကို ဘယ်သူဆယ်၊ ရွှေတိဂုံမှာလာပေးတဲ့ထွက်ရပ်ပေါက်ခေတ်လုံး၊ ရွှေတိဂုံဆံတော်ရှင်နှင့် ငလျင်အကြိမ်ကြိမ် စသည့်ထူးခြားဆန်းပြားသော ဆောင်းပါးကိုးပုဒ်ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဓဲ) ၃၉ လမ်း ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

သက်ကြီးစကား သက်ငယ်ကြားစာအုပ်

မျက်မှောက်ကာလတွင် လူငယ်များသိပ္ပံနှင့် နည်းပညာများကို အထူးလိုက်စားလာကြသဖြင့် ဝိဇ္ဇာပညာရပ်များ နောက်တန်းသို့ရောက်ရတော့မလိုဖြစ်နေသည့် အချိန်အခါတွင် စာရေးဆရာလှိုင်သင်းက မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် သမိုင်းစာမျက်နှာများကို ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါစာအုပ်တွင် ကုန်းဘောင်ခေတ်က ထင်ရှားကျော်ကြားခဲ့သည့် မြန်မာမျိုးချစ်များအကြောင်းကို သက်ကြီးစကား သက်ငယ်ကြား အခန်း(၁၁)ခန်း တင်ပြထားသည်။ ကုံကော်ဦးမှန်စာပေတိုက်မှထုတ်ဝေပြီး ပါရမီစာပေ အမှတ်(၁၃၀) ၂၉ လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၃၂၄၆ က ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၀)အမှတ် (၂)ထုတ်ဝေ

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ (၁၀)အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။

ယခုဂျာနယ်တွင် ဦးအောင်မြင့်၏ “ဝန်ထမ်းများသိသင့်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များ” ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး၏ “ထားဝယ်ဒေသအကြောင်း တစေ့တစောင်း”၊ ဦးလင်းထွန်းနိုး၏ “အသေး စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များ”၊ ဦးစိုင်းကျော်သူ၏ “နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး”၊ ဒေါ်နိုင်နိုင်အောင်၏ “ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းရေးရာ အာဏာပိုင်အဖွဲ့”၊ ဒေါ်ချိုချိုပြုံး၏ “ဝန်ထမ်းများ ရှောင်ကြဉ်အပ်သော တံစိုးလက်ဆောင်နှင့် စောင့်ထိန်းအပ်သောကျင့်ဝတ်များ” စသည့် နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အထွေထွေကဏ္ဍများ ပါဝင်သည်။

အဆိုပါ ဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) ဝင်းသူ့ဇာအရောင်းဆိုင်နှင့် မြို့မစျေးမြတ်ရွှေတောင်စာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ပါလီမန်ခေတ် ထင်ပေါ်ကျော်ကြားမြန်မာအမျိုးသမီးများ

ဆရာတင်နိုင်တိုး ပြုစုသော ပါလီမန်ခေတ် ထင်ပေါ်ကျော်ကြားမြန်မာအမျိုးသမီးများစာအုပ်ထွက်ရှိလာသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပါလီမန်ခေတ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများက ကဏ္ဍအသီးသီးမှ တိုင်းပြည်နှင့် လူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယခုစာအုပ်တွင် ပါလီမန်ခေတ် ထင်ရှားကျော်ကြားခဲ့ကြသည့် နယ်ပယ်အသီးသီးမှ မြန်မာအမျိုးသမီးများ အကြောင်းကို ပြုစုထားသည်။ ခေတ်လူငယ်များ အားကျအတုယူပြီး တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အမျိုးဘာသာ သာသနာကို စွန့်လွှတ်စွန့်စားထမ်းဆောင်နိုင်စေလိုသော ရည်ရွယ်ချက်ဖြင့် ထုတ်ဝေလိုက်သည်။ မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဓဲ) ၃၉ လမ်း ကျောက်တံတားမြို့နယ် ဖုန်း- ၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

မုတ္တမပင်လယ်တွင်းမှ ဆံတော်ရှင်ကျိုက္ခမီရေလယ်ဘုရား

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

မုတ္တမပင်လယ်တွင်းမှ ကျိုက္ခမီရေလယ်ဘုရားကို ဤသို့ဖူးတွေ့ခဲ့ရစဉ်။

ရှုခင်းသာသည် ကျိုက္ခမိငွေသောင်ယံ. . . . .

ကျိုက္ခမီမြို့မှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မျက်စိတစ်ဆုံး ကျယ်ဝန်းလှသည် ဝင်လယ်ပြင်ကြီးကို တွေ့ရမည်ဖြစ်သည်။ ၎င်းနောက်တမ်းခြေတွင် ဖြူလွလွ ဘော်ငွေရောင် သဲသောင်ပြင်ကြီး၊ ထိုသဲသောင်ပြင်ကြီး၏ အလယ်တွင်ပေါ်နေသော ကျောက်တောင်၊ ကျောက်စွန်းနှင့် ကျောက်စွယ်များ၊ မဟူရာကျောက်တုံးကလေးများက ကျိုက္ခမိငွေသောင်ယံ၏အလှကို အားဖြည့်ထားကြသည်။

ဤသို့သာယာလှပသော ကမ်းခြေတွင် တန်ခိုးကြီး ယင်ရားလှသည့် ကျိုက္ခမီရေလယ်ဘုရားကြီးသည် ကျောက်တော်ကြီး၊သိမ်တော်ကြီး၊ ဇရပ်တော်ကြီး၊ ဘုန်းတော်ကြီး ကျောင်းများနှင့် စေ၁င်းတန်းများ ခြံရံလျက် ကြည်ညို ဖွယ် တင့်တယ်စွာစံပယ်လျက်ရှိသည်။

ထိုအပြင် ဘုရားကြီး၏မြောက်ဘက်တွင် ကမ်းမမြင် လမ်းမမြင် ကျယ်ပြောလှသည့် ဘင်္ဂလားပင်လယ်အော်ကြီး ကို ဆွတ်ပျံ့ဖွယ်တွေ့ရသည်။ လက်ယာဘက်တွင် မှိုင်း ညို့ညို့ဖြင့် တွေ့မြင်ရသည်က ဘီလူးကျွန်းချောင်းဆုံနှင့် မုဒုံမြို့နယ်တို့၏ တောင်စွယ်တောင်တန်းများ၊ အနောက် ဘက်၌ ကျွန်းတစ်ကျွန်းနှင့် ထိုကျွန်း၏အလယ်တွင် ကောင်းကင်သို့ ထိုးထွက်နေသည့် မီးပြတိုက်ကြီးတို့မှာ ကျွန်းကလေးနှင့် ပန်ရလှသည်။

ဤကမ်းခြေများ၏ သဘာဝအလှအပများကြောင့်ပင် တစ်ချိန်တုန်းက ကျိုက္ခမီမြို့သည် အပန်းဖြေလေညင်းခံရာ မြို့အဖြစ် ကျော်ကြား၍ လူသိများလျက်ရှိသည်။ ထိုသို့ လူသိများလာသော ကျိုက္ခမိငွေသောင်ယံ၏အလှအပ များသည် ကျိုက္ခမိရေလယ်ဘုရားကြီး၏ တန်ခိုးတော် အောက်တွင် ခိုလှုံလျက် ရာမညဒေသ မွန်ပြည်နယ်၏ ဂုဏ်ယူဖွယ် သမိုင်းဝင်ဌာနတစ်ခုအဖြစ်လည်း ရပ်တည် လျက်ရှိသည်။

ကျိုက္ခမီမြို့

ကျိုက္ခမီမြို့သည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင် မြို့၏တောင်ဘက် ၅၅ မိုင်အကွာနှင့် သံဖြူဇရပ်မြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်အကွာတွင်ရှိသည်။ ကျိုက္ခမီ မြို့၏အရှေ့ဘက်တွင် ဝါခရူမြစ်နှင့် တောင်ဘက်တွင် မုတ္တမပင်လယ်ကမ်းခြေ၊ မြောက်ဘက်တွင် မုတ္တမဝင်လယ် ကျေးတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည်။ မြို့၏ အကျယ်အဝန်းမှာ တောင်နှင့်မြောက်အလျား လေးမိုင်နှင့် အရှေ့အနောက် နှစ်မိုင် တစ်ဖာလုံခန့်ရှိပြီး စတုရန်း မိုင်ဝေါင်း ၈ ဒသမ ၃၆ မိုင်ရှိသည်။ မြေဧရိယာအားဖြင့် ၅၃၅၀ ဧကရှိသည်။ ဧရိယာအတွင်း တောင်စွယ်တောင်တန်း များမှအပ ကျန်နေရာများသည် ပင်လယ်ရေမျက်နှာပြင် အထက် ၈၄ ပေမှ ၁၀၈ ပေအထိသာ ရှိသည်ဟု သိရ သည်။ ။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စက္ခုအလင်းဒါနပြုပွဲကို မေ ၉ ရက်တွင် အင်းစိန်အထက(၁) ရောဝတီခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၈၄ ဦး တို့အား စက္ခုအလင်းကျန်းမာရေး ဆေးအခမဲ့ကုသမှု ပြုလုပ်ပေးစဉ်။ (၆၈၄)

တင်ပလ္လင်ခွေ ကြေးဆင်းတုတော်တွင် မွေးညင်းတော်များပေါက်

မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ သစ်စိမ့်ကုန်းကျေးရွာနေ ဦးမြမောင်(၄၃)နှစ်၏ နေအိမ်တွင် လွန်ခဲ့သည့် ၁၆ နှစ်ခန့်မှစ၍ ကိုးကွယ်ထားသော ဉာဏ်တော်အမြင့် ငါးလက်မခန့်ရှိ တင်ပလ္လင်ခွေကြေးဆင်းတုတော်၏ ယာဝါးတော်တွင် တစ်လက်မခန့်ရှိ အဖြူရောင်မွေးညင်း ၃၂ ပင် အဖျား၌ အဆူးဝါမွေးညင်းများ ဝေါက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် မေ ၁၉ ရက်နံနက်ပိုင်းမှစ၍ လူအများလာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

(မောင်ပြည်သူ-မန္တလေး)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ် မငြိမ်း သတ်ပါနှင့်၊ ပတ်ဝန်း ကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သား ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ရွှေမုဋ္ဌောဘုရားဈေးတန်းမိသားစုများ ဘောမဲ့လှုတ်ပွဲကျင်းပ

ပုသိမ် မေ ၂၃

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ရွှေမုဋ္ဌောဘုရားဈေးမိသားစုနှင့် ခုနစ်ရက်သားသမီးများ စုပေါင်း၍ မြန်မာနှစ်ဆန်းတစ်ရက်က ပုသိမ်မြစ်အတွင်းသို့ ငါးကောင်ရေ ခြောက်ထောင်းကျော် (၁၅ သိန်းဖိုးခန့်)နှင့် ဘုရားကြီးကုန်း ဘုန်းတော်ကြီးကျောင်းဝင်း၌ ဘောမဲ့နွားသုံးကောင် (၁၀ သိန်းဖိုး) နွားစာများပြည့်စုံစွာဖြင့် ဘောမဲ့လွှတ်ပွဲပြုလုပ်ရာ ဈေးသူဈေးသားများနှင့် ခုနစ်ရက်သားသမီးများက တပျော်တပါးအကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြသည်။ **(ပုသိမ်-လှကြည်)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

တိုက်ခန်းရောင်းမည် (ပွဲစားမလို)

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ရှမ်းကုန်းလမ်း၊ ပေ (၁၈×၇၀) ၄လွှာ၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေနိုင်။

ဝယ်မည်သူ ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉ ၅၁၁၈၁၃၀၊ ၅၀၃၄၇၁

ကျေးဇူးတော်ရှင် ဘဒ္ဒန္တဦးဥတ္တမမဟာထေရ်၏ ဝိဇာဇာမွေးနေ့နှင့်သိမ်ထပ်မင်္ဂလာ ဖိတ်ကြားလွှာ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် အနှစ်(၃၀)မျှနှင့် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် (၁၅)နှစ်တာမျှ သာသနာပြုသီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ကျေးဇူးရှင်ဘဒ္ဒန္တဦးဥတ္တမမဟာတေရ်၏ သက်တော်(၈၂)နှစ်မြောက် ဝိဇာတမွေးနေ့နှင့် သိမ်ထပ်မင်္ဂလာကို ဝမ်းမြောက်စွာဖြင့် ကျင်းပမည်ဖြစ်ပါသဖြင့် ကိုလံဘိုမြို့ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ဖူးသော သတော်သားအားလုံးနှင့်တကွ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်မြတ်မင်္ဂလာ	၂၇-၄-၂၀၁၃ရက်
ချိန်ခါသင့်ပွဲ	နံနက် (၉)နာရီမှ (၁၂)နာရီ
ဆင်နွှဲရာ	သိဂုတ္တရမွန်ကျောင်း၊ သေွးဆေးကန်အန်း ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ပရဟိတကထေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြီည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရထိတ(ဘ/က)၊ (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၀ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနထို၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူကလေးပေါင်း (၂၅၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက် နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက် များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်များလိုအပ်ခြင်း၊ အဝတ်အစားနှင့် စာအုပ်၊ စာရေး ကိရိယာများလိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံနှိုးဆော်အသိပေး အပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉၄၉၃၁၅၃၇၀
၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)၊ အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉၅၁၄၉၂၀၈
၃။ ဦးထန်ကြည်-ဒေါ်ဝါဝါကျော်၊ Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၀၄၀၉၀၊ ၀၉၅၁၃၀၀၉၀
၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့၊ ဖုန်း-၁၁-၅၅၃၃၅၁၊ ၀၉၅၄၀၄၂၉၅၊ ၀၉၅၀၀၂၄၀၆

အနုပညာ

စိတ်တိုင်းကျဇာတ်လမ်း ရှာမတွေ့သေးတဲ့ ကနေဒါနွယ်ဖွား မင်းသမီး ခရစ္စတီချန်း

Bodyguard Form Beijing ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ကနေဒါမင်းသမီး ခရစ္စတီချန်းက လက်ရှိတွင် သူမသရုပ်ဆောင်နေဆဲ၊ သရုပ်ဆောင်ခဲ့ရသည့် ဇာတ်ရုပ်များအပေါ် စိတ်ပျက်လျက်ရှိကြောင်းနှင့် ပိုမိုနက်ရှိုင်းစွာ သရုပ်ဆောင်နိုင်မည့် ဇာတ်ရုပ်များကို မျှော်လင့်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သရုပ်ဆောင် ခရစ္စတီက လက်ရှိတွင် သူမသရုပ်ဆောင်ခဲ့သည့် ဇာတ်ကားများမှ Sexy ဇာတ်ရုပ်များအပေါ် စိတ်ကုန်လျက်ရှိကြောင်း၊ အခုလောလောဆယ်တွင် သရုပ်ဆောင်ကွက်ကောင်းကောင်းရရှိနိုင်မည့် ဇာတ်ကားမျိုးကို စောင့်မျှော်နေပါကြောင်း၊ သူမထံသို့ တုတ်လုပ်သူများနှင့် ဒါရိုက်တာ အများအပြားက ၎င်းတို့၏ ဇာတ်ညွှန်းများကို လာရောက်ပြသကြသော်လည်း သူမနှစ်သက်သော ဇာတ်ညွှန်းမျိုးကို ယခုချိန်အထိ ရှာမတွေ့သေးကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး သူမက "ကျွန်မက ပရိသတ်တွေကို အံ့ဩသွားအောင် လုပ်ချင်ပါတယ်။ စိတ်အာရုံတွေကို အပြည့်အဝနှစ်ပြီးတော့ အမျိုးမျိုးသော ဇာတ်ကောင်စရိုက်တွေကို သရုပ်ဆောင်နိုင်ဖို့အတွက် လက်ရှိမှာ ကျွန်မကြိုးစားနေပါတယ်။ အချစ်၊ ဟာသနဲ့ အက်ရှင်ဇာတ်ကားတွေမှာတွေလည်း ကောင်းမွန်စွာ သရုပ်ဆောင်နိုင်ပါတယ်။ ကျွန်မမှာ ဘဝအတွေ့အကြုံတွေ အများကြီးရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဖခင်တရုတ်လူမျိုးနှင့် မိခင် ဗီယက်နမ်လူမျိုးတို့၏ သမီးဖြစ်သူ ကနေဒါဖွား မင်းသမီး ခရစ္စတီချန်းက ယခုလက်ရှိတွင် တရုတ်နိုင်ငံ ပေကျင်း၌ ဗီယက်နမ်ခေတ်ပေါ် ဟင်းလျာစားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်းနှင့် ယင်းအတွက် ဆိုင်နေရာ လိုက်လံရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

ဆွီဒင်ပေါ့ပ်အဖွဲ့၏ ကမ္ဘာ့ပထမဆုံးသောပြတိုက် မေလတွင်ဖွင့်မည်

ABBA အမည်ရှိ ဆွီဒင်ဒစ္စကိုပေါ့ပ်ဂီတအဖွဲ့က ၎င်းတို့အဖွဲ့၏ ကမ္ဘာ့ပထမဆုံးသောပြတိုက်(အပေါ်ပုံ)ကို မေ ၇ ရက်တွင် စတော့ဟုမ်းမြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြတိုက်ကို လာရောက်လေ့လာကြတဲ့ ပရိသတ်တွေကို တစ်မူထူးခြားတဲ့ အတွေ့အကြုံတွေရရှိအောင် ဝန်ဆောင်မှုပေးမှာပါ၊ ဒီပြတိုက်မှာ ABBA အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဦးချင်းစီနဲ့ ဝင်ရောက်စကားပြောနိုင်မယ့် အခွင့်အရေးတွေလည်း ရရှိမှာဖြစ်ပါတယ်"ဟု အဆိုပါပြတိုက်မန်နေဂျာက ပြောကြားသည်။

အဆိုပါပြတိုက်ကြီးကို ၁၉၇၀ ပြည့်နှစ်က အဆောက်အအုံပုံစံဆောက်လုပ်ထားပြီး အလွန်ကြီးမားသော ပြတင်းပေါက်များပါဝင်ကြောင်း၊ ယင်းပြတင်းပေါက်များမှ ဗဟိုခန်းမကြီးသို့ မောက်ထွင်းမြင်နိုင်ကြောင်း၊ ယခုအခါ အဆိုပါခန်းမကြီးအတွင်းသို့ အချို့သောသူများကို ဝင်ခွင့်ပြုထားကြောင်း၊ အဆိုပါပြတိုက်တွင် ၁၉၇၀ ပြည့်နှစ်က တယ်လီဖုန်း ထစ်လုံးထားရှိပြီး ယင်းတယ်လီဖုန်းမှတစ်ဆင့် ABBA အဖွဲ့ဝင်လေးဦးနှင့် တိုက်ရိုက်စကားပြောနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Cannes နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပါဝင်ပြသမည့်ဇာတ်ကားများ ထုတ်ပြန်ကြေညာ

အမေရိကန်ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ခ်က အကဲဖြတ်ဒိုင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည့် ၂၀၁၃ ခုနှစ်အတွက် Cannes နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို မေ ၁၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ရုပ်ရှင်ဇာတ်ကားများစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

Cannes နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ အခြားသော ပြိုင်ပွဲဝင်နိုင်ငံများ အနေဖြင့် တရုတ်၊ ချက်သမ္မတနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့မှ ရုပ်ရှင်ကားများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အမ်မီဆုပေးပွဲအခမ်းအနား၌ ဆုရရှိကြသော သရုပ်ဆောင်များကို တွေ့ရစဉ်။

ဖြိုးအောင်မြင့် ➤ စုစည်းရေးသားသည်

လာမည့်အမ်မီဆုပေးပွဲတွင် သရုပ်ဆောင်ကဏ္ဍအလိုက် သီးခြားဆုများ ချီးမြှင့်မည်

လခုနှစ်အတွက်ကျင်းပမည့် ဟောလိဝုဒ်ရုပ်ရှင်လောက၏ အမ်မီဆုပေးပွဲ အခမ်းအနားတွင် ထိဗွီဇာတ်လမ်းတွဲများနှင့် အသေးစားဇာတ်လမ်းတွဲများအတွက် ခေါင်းဆောင်မင်းသားဆုနှင့် ဇာတ်ပို့မင်းသားဆုတို့ကို သီးခြားစီ ရွေးချယ်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တထ်လီဗွီးရှင်း သိပ္ပံနှင့် ဝိဇ္ဇာအကယ်ဒမီ၏ ကြေညာချက်အရ ယခင်နှစ်များက ရုပ်ရှင်ထရုပ်ဆောင်အနုပညာရှင် မင်းသား၊ မင်းသမီးများသည် ရုပ်မြင်သံကြားဇာတ်လမ်းတွဲနှင့် အသေးစားဇာတ်လမ်းတွဲများအတွက် ခေါင်းဆောင်မင်းသား၊ မင်းသမီးဆုနှင့် ဇာတ်ပို့ မင်းသား၊ မင်းသမီးဆုများအတွက်သာ ယှဉ်ပြိုင်ခဲ့ကြရသော်လည်း ယခုနှစ်တွင်မူ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများအတွက် ခေါင်းဆောင်မင်းသား၊ မင်းသမီးဆုနှင့် ဇာတ်ပို့ဇာတ်ရံဆုများ၊ အသေးစားဇာတ်လမ်းတွဲများအတွက်လည်း ခေါင်းဆောင်မင်းသား၊ မင်းသမီးဆုနှင့် ဇာတ်ပို့ဇာတ်ရံဆုများကို သီးခြားစီ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

KMD mobile

ဘာသစ်ထွက်တဲ့ CDMA Phone တွေဘာတွေ ဘာလိုပါသလဲ...?
Feature Phone လား၊ Smart Phone လား
ဒီမှာ ကျပ်(တစ်သောင်းခွဲ) ကနေ (နှစ်သိန်းခွဲ)ဝန်းကျင်ဘာထိ
Brand မျိုးစုံရွေးချယ် ဝယ်ယူနိုင်ပါပြီ။

HotLine!
381035, 385077
503511, 503522
546600,2303081

အတွဲ ၃၊ အမှတ် ၁၄၂

အခြေခံ ဥပဒေ ပြင်ဆင် ရေးဆွဲရေး ပြည်သူ့သဘောဆန္ဒနှင့်အညီ ဖြစ်ဖို့ လိုမည်

ထွက်ပြီ

အစ္စရေး၊ အီဂျစ်၊ ဂျော်ဒန် (၉)ရက်ခရီးစဉ်
အသက်အသားဝိုး အပြီးအငြိမ်း(၂၅)သိန်း-မေလ(၂၈)ရက်ထွက်မည်
ပါဝင်သောဝန်ဆောင်မှုများ- အသွားအပြန်လေယာဉ်စရိတ် 3* ဟိုတယ်တည်းစရိတ်၊ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ၊ အဲယားကွန်းကားကြီးများဖြင့် လည်ပတ်ခြင်း၊ ညှော်လမ်းညွှန်စရိတ်များ၊ သမိုင်းဝင်နေရာဝင်ကြေးများ။
ခရီးသည်လက်ခံပိတ်ရက် - ဧပြီလ (၂၉)ရက်
YESHUA GLORY Travel & Tours Co., Ltd.
ယေရှုဝ်ဂလော်ရီခရီးသွားလုပ်ငန်း
ဆက်သွယ်ရန်- Pastor Rosemary၊ ဖုန်း- 09-420099773
196၊ အခန်း(၂)၊ ကျွန်းတောလမ်း (အပေါ်ဘက်) စမ်းချောင်း၊ ရန်ကုန်မြို့

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးအသားသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Y-၊ မြေကွက်အမှတ် V ၃၅၇၊ မြေကွက်တည်နေရာအမှတ်(၅၅) ဘုန်းကြီးလမ်း (ဒေါ်ခွေမြိုင်)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ခွေမြိုင်နှင့် ၎င်း၏ ခင်ပွန်းဦးရှုပ်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြဝင်း[၁၂/ဗဟန(နိုင်)၀၄၇၆၃၆]၊ ဦးစိန်ထွန်းဝင်း[၁၂/ကတတ(နိုင်)၀၂၃၅၇၅]၊ ဦးခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၁၄၇၅၈]၊ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ငှားရမ်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း
လမ်းမတော်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အထက(၁)ဇဏ့်နှမတန်း(B) မှ အဖ ဦးစိန်ထွန်းဟန်၏သမီး မမြင့်မြင့်စိန်အား မမြတ်သီရိထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မမြတ်သီရိထွန်း

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

အကြိမ်(၂၀)မြောက်ချန်ပီယံဆုနှင့် ကျောနံပါတ် ၂၀

ပရီမီယာလိဂ်ဖလားကြီးကို အကြိမ်(၂၀)မြောက် အဖြစ် ဆွတ်ခူးတော့မည့် ဂလက်စဂိုးမြို့သားကြီး ဆာအဲလက်စ်ဖာဂူဆန်၏ မန်ယူအသင်းအတွက် မရှိမဖြစ်အရေးပါလှသော တိုက်စစ်မှူးမှာ ကျောနံပါတ် ၂၀ ကို ဆင်မြန်းကာ တိုက်စစ်ပိုင်းတွင် ဦးဆောင်ကစားနေသည့် နယ်သာလန်ကြယ်ပွင့်လေး ရော်ဘင်ဗန်ပါစီဟုဆိုလျှင် လူတိုင်းလက်ခံကြမည် ဖြစ်သည်။

ဗန်ပါစီသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အာစင်ပင်း၀ါး၏ အာဆင်နယ်အသင်းမှ စကော့တလန်နိုင်ငံသားနည်းပြကြီး ဖာဂူဆန်ကိုင်တွယ်လျက်ရှိသည့် မန်ချက်စတာမြို့ အခြေစိုက် မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

ထိုသို့ ပြောင်းရွှေ့လာချိန်မှစ၍ မန်ယူအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည်။ မန်ယူအသင်းသို့မရောက်မီ ပြင်သစ်နိုင်ငံသား နည်းပြကြီး အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းတွင် ကစားခဲ့စဉ်ကလည်း ပရော်ဖက်ရှင်ဘောလုံးသမားများအဖွဲ့ချုပ်က ချီးမြှင့်သော ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိထားခဲ့သည်။

ဗန်ပါစီသည် ပရီမီယာလိဂ်ပြိုင်ပွဲအစတွင် မန်ယူအသင်းအတွက် အရေးပါသော သွင်းဂိုးများကို သွင်းယူပေးခဲ့ပြီး ရာသီဝက်တွင် ပိုးသွင်းခြေပျောက်ဆုံးခဲ့ရသည်။ သို့ရာတွင် လက်ရှိတွင် ရာသီအစက ခြေစွမ်းပြန်လည်ရရှိလာခဲ့သည့်အပြင် မန်ယူ၏ ပရီမီယာလိဂ်ပွဲစဉ်(၃၄)ဖြစ်သည့် အက်စတွန်ဗီလာနှင့် ကစားခဲ့ရသည့် ပွဲစဉ်တွင် ပွဲကစားချိန် ၃၃ မိနစ်အတွင်း သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်အထိ ခြေစွမ်းကောင်းမွန်လာခဲ့သည်။ ယင်းကဲ့သို့ မန်ယူအသင်း၏ အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် အက်စတွန်ဗီလာအသင်းကို ဗန်ပါစီ၏ ဟက်ထရစ်ဂိုးဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ် ပရီမီယာလိဂ်ဖလားကို မန်ယူ၏ အကြိမ်(၂၀)မြောက်ဖလားဟု ကင်ပွန်းတပ်နိုင်ခဲ့ပြီး ယင်းသို့ အကြိမ်(၂၀)မြောက် ဆုဖလားကြီးမှာ ကျောနံပါတ် ၂၀ ဝတ်ဆင်ကစားခဲ့သည့် ဗန်ပါစီ၏ အကောင်းဆုံးစွမ်းဆောင်မှုနှင့် အတူရရှိခဲ့သည်ဟုဆိုကာ မန်ယူဝါရင့်ကစားသမား ဖာဒီနန်က ဗန်ပါစီ၏ အကျီနောက်ကျောကို ကင်မရာများရှေ့မှောက်သို့ ဆွဲငင်ကာ မန်ယူအသင်းအတွက် အကြိမ်(၂ပ)မြောက် ပရီမီယာလိဂ် ချန်ပီယံဘွဲ့ကို ဆွတ်ခူးပေးနိုင်စွမ်းရှိသည့် ကျောနံပါတ် ၂၀ ဟုပင် ကြွေးကြော်မှုများ ဖြုလုပ်ခဲ့သည်။

တိုက်စစ်မှူး ဗန်ပါစီသည် ဖာဂူဆန်၏ ၄-၂-၃-ဝ ကစားကွက်နှင့် အံဝင်မှုအရှိဆုံး ကစားသမားတစ်ဦး ဖြစ်သည်နှင့်အညီ မန်ယူနှင့် အက်စတွန်ဗီလာတို့၏ ပွဲစဉ်တွင်လည်း ပွဲကစားချိန် ၂ မိနစ်၊ ၁၃ မိနစ်နှင့် ၃၃ မိနစ်တို့တွင် သုံးဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။ ယင်းပွဲစဉ် မပြီးဆုံးမီတွင် မန်ယူ

ပရိသတ်များ၏ အကြိမ် (၂၀) မြောက်ချန်ပီယံ ဟု ရေးထိုးထားသည့် အလံများလွှင့်ပြခဲ့ခြင်းက ၀၉၉၆ ခုနှစ်က (၁ပ)ကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးခဲ့သည့်ပုံရိပ်ကို ထင်ဟပ်စေခဲ့သည်။

ဗန်ပါစီသည် လက်ရှိတွင် ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှင့် ရွှေဖိနပ်ဆုတို့ ဆွတ်ခူးရရှိမည့် ရေပန်းအစားဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး မန်ယူ၏ အကြိမ်(၂၀)မြောက်ဖလား ဆွတ်ခူးရေးအတွက် အရေးပါသော ကျောနံပါတ် ၂၀ ဟုပင် တင်စားခံထားရပြီးလည်း ဖြစ်သည်။

နိုင်လင်းကြည်

ကမ္ဘာ့လူငယ်အလေးမပြိုင်ပွဲ၌ မြန်မာလူငယ်လက်ရွေးစင်အသင်း ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူး

ရန်ကုန် မေ ၂၃

၂၀၁၃ ခုနှစ် မေ ၆ ရက်မှ ၁၃ ရက်အထိ ဥဇဘက်ကစ္စတန်နိုင်ငံ တာစကင်မြို့၌ ကျင်းပခဲ့သော (၄)ကြိမ်မြောက် ကမ္ဘာ့လူငယ်အလေးမပြိုင်ပွဲသို့ မြန်မာအလေးမလက်ရွေးစင်ဟောင်း ဒေါ်ဆွေဆွေဝင်းက အသင်းအုပ်ချုပ်သူအဖြစ် လည်းကောင်း၊ နည်းပြအဖြစ် ဒေါ်မြစန္ဒာဦးကလည်းကောင်း ဆောင်ရွက်၍ မြန်မာလူငယ်လက်ရွေးစင်အလေးမအသင်းသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

ပြိုင်ပွဲတွင်(၄၄)ကီလိုတန်းမှ မြန်မာလူငယ်လက်ရွေးစင် ခိုင်ခိုင်က အမြန်မပြိုင်ပွဲတွင် (၆၆)ကီလိုဖြင့် ငွေတံဆိပ်တစ်ခု၊ နှစ်ဆင့်မပြိုင်ပွဲတွင် (၈၅)ကီလိုဖြင့် ငွေတံဆိပ်တစ်ခု၊ စုစုပေါင်း(၁၅၁)ကီလိုဖြင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာလူငယ်လက်ရွေးစင် မိုင်ဇင်ပွင့်ဖြူက (၄၈)ကီလိုတန်းပြိုင်ပွဲ၏ အမြန်မပြိုင်ပွဲတွင် (၇၁)ကီလိုဖြင့် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည်။

ပြိုင်ပွဲဝင်နိုင်ငံ (၅၂)နိုင်ငံအလိုက် မြန်မာလူငယ်လက်ရွေးစင်အလေးမအသင်းသည် အဆင့်(၈)နေရာကို ရရှိခဲ့သည်။

အဆိုပါ ကမ္ဘာ့လူငယ်အလေးမပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင် အလေးမအသင်း ရရှိခဲ့ကြသော ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခုသည် မြန်မာနိုင်ငံအလေးမသမိုင်း၌ ကမ္ဘာ့အဆင့်လူငယ်ပြိုင်ပွဲများတွင် ပထမဦးဆုံး ရရှိခဲ့ကြသော ဆုတံဆိပ်များဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲဝင် ကမ္ဘာ့နိုင်ငံ(၅၂)နိုင်ငံမှ အလေးမအားကစားသမား ၄၄၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အရည်အချင်း ပြည့်မီသော အသင်း(၁၅)သင်းမှာ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်းကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့လူငယ်အိုလံပစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာလူငယ်လက်ရွေးစင် အလေးမအသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားပြီဖြစ်သည်။ ယင်းကမ္ဘာ့လူငယ်အိုလံပစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားမှုသည် မြန်မာလူငယ်အလေးမသမိုင်းတွင် ပထမဦးဆုံးအကြိမ်လည်းဖြစ်သည်။

(ကြေးမုံ)

မန်စီးတီးအသင်းမှ ထွက်ခွာရန်မရှိကြောင်း ကွန်ပနီပြောကြား

ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါ၏ အင်အားကြီးအသင်းဖြစ်သည့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သည့် မန်စီးတီးကစားသမား ကွန်ပနီက လက်ရှိတွင် ဥရောပ၏ အင်အားတောင့်တင်းမှုရှိသော အသင်းကြီးများက ခေါ်ယူမည်ဆိုခဲ့လျှင်သော်မှ လက်ရှိကလပ် မန်စီးတီးအသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မန်စီးတီးကစားဖော် နာဆရီကို အီတီဟတ်ဒ်၌ ဆက်ရှိနေရန်၊ လာမည့်နှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားကို အတူတကွပြန်လည်ရယူရန်လည်း ကွန်ပနီက တောင်းဆိုမှုများပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် နွေရာသီအပြောင်းကာလက ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုထားခဲ့သော ကွန်ပနီသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သည်။

သို့သော် လက်ရှိတွင်မူ မည်သည့်အကြောင်းကိစ္စနှင့်မျှ မည်သည့်အသင်းကို ပြောင်းရွှေ့ကစားရန် အကြောင်းပြချက်မရှိကြောင်း ကွန်ပနီက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ကွန်ပနီက မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် အသင့်ပြင်ဆင်ထားကြောင်း၊ ၎င်း၏ စာချုပ်သက်တမ်းမှာလည်း ငါးနှစ်ကျန်သေးသည့်အဖြင့် အီတီဟတ်ဒ်၌ ပျော်ရွှင်မှု ရရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

လူမျိုးရေးခွဲခြားမှုကြောင့် ဂျူဗင်တပ်အသင်း ဒဏ်ရိုက်ခံရ

မေ ၂၀ ရက် ညပိုင်းက ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်တို့၏ ပွဲစဉ်တွင် ဂျူဗင်တပ်ပရိသတ်များက အေစီမီလန်ကစားသမားများအပေါ် လူမျိုးရေးခွဲခြားခဲ့မှုကြောင့် ဂျူဗင်တပ်အသင်းအား ယူရို ၃၀၀၀ (စတာလင်ပေါင် ၂၅၀၀၀) ဒဏ်ကြေးချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဂျူဗင်တပ်ပရိသတ်များသည် အင်တာမီလန်အသင်းမှ လူမည်းကစားသမားများအပေါ် လူမျိုးရေးခွဲခြားမှုများ ပြုလုပ်ဆောင်ခဲ့ပြီး လူမျိုးရေးခွဲခြားမှုဆိုင်ရာ အပြုအမူတစ်ခုကိုလည်း လုပ်ပြခဲ့ကြောင်း သိရသည်။

အလိမ္မာ
တမာရှိ

တိုက်ခန်းဝယ်လိုသည်
ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းဝယ်လိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
09448005530

AIR-CON EXPRESS
50%
DISCOUNT
55000
Apr 26, May 3
373275, 708342, 0949219404

ရွှေနဂါး
Ph: 209077, 09-731 67000
209388, 09-731 68000

Taxi ကန့်ထရိုက်
09-73060538

AD Van CNG
AD Van
ADVanCNG
09-513 7805

မွေးနေ့ဆုတောင်း

သားသားလေး လွင်နောင်မြင့်ဝေ(Buddy)၏ ၂၄-၄-၂၀၁၃ရက်တွင် ကျရောက်သော (၁၁)နှစ်မြောက်မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်နိုင်သော သားကောင်းရတနာဖြစ်စေရန် ဆုတောင်းလျက်-

ချစ်ဘိုးဘိုး - ဦးမြင့်ဝေ(ဥက္ကဋ္ဌ) Wa Minn Group of Companies
ချစ်ဖေဖေ - ဦးခွန်နောင်မြင့်ဝေ(Managing Director)
Wa Minn Group of Companies
ချစ်မေမေ - ဒေါ်အက္ခရာဝါလင်းဦး
ချစ်လေးလေး - ဦးနောင်ခွန်မြင့်ဝေ-ချစ်အန်တီအိ
ချစ်ကိုကိုကြီး - ထိဝ်ခွန်နောင်မြင့်ဝေ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေဖေ
ငယ်စဉ်ကပင် နွေးထွေးယုယ
ချစ်ခင်စွာဖြင့် သွန်သင်ဆုံးမ
ချိုသာသံအေး မေမေဒေါ်မြသွေးရှိန်
ဂုဏ်ရှိန်ခြံလွှမ်း မေတ္တာအနမ်းဖြင့်
သိမ်မွေ့ညင်သာ သား၊ ချွေးမ၊ မြေးအားလုံးကိုပါ
တစ်ပြေးညီဆက်ဆံ မေမေ့မေတ္တာအမှန်
တစ်နေ့ထက်တစ်နေ့ ပိုမိုသိလာ
မေမေ့မေတ္တာ ဘယ်တော့မှမဆုံး
သားရှိခိုး၍ ကတိပေးကာ
ဖေမေ သက်ရာရှည်ဖို့ သားဆုတောင်းပေးလိုက်တာပါ။
မေမေ့ကျေးဇူးဆပ်ဖို့ အစဉ်အမြဲ ကြိုးစားနေတဲ့ သားငယ်လေး။

ချစ်တဲ့သားငယ် - ကိုအောင်ပိုင်မင်း-ချစ်တဲ့ချွေးမ မနှင်းပွင့်ဖြူ
ချစ်တဲ့မြေး - မောင်ခိုင်ဖြိုးမင်းနှင့်
ချစ်တဲ့မြေးငယ်လေး - Baby နှင်းပွင့်ဖြူ

Aung Paing Minn Co.Ltd
Made In Myanmar Construction Co.Ltd
Myanmar Image Media (MIM)
Advertisement Journal (Ads)

SHWEDAGON Media Kit (Map & Guide Book)

တန်ဖိုး - ၃၀၀၀ ကျပ်

SHWEDAGON Media Kit ၏ရည်ရွယ်ချက်

• ကမ္ဘာလှည့်ခရီးသည်များ ရွှေတိဂုံစေတီတော်ကိုဖူးမြော်ပြီးသောအခါ ရွှေတိဂုံစေတီတော်ကြီး၏ သိမှတ်ဖွယ်ရာများနှင့် ဒေသရေး၊ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုအကြောင်းကိုလည်း သိရှိနားလည်သွားပြီး ထိုမှတစ်ဆင့် ထပ်မံလေ့လာချင်စိတ်နှင့်အတူ ဗုဒ္ဓဘာသာ အကြောင်းအရာများကိုသိရှိပြီး ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်သည်လည်းအမှတ်တရတစ်ခုအဖြစ်ပါရှိသွားစေရန်။
• ဒေသရေးခြား ဗုဒ္ဓဘာသာဝင်ပြည်သူများ အတွက်လည်းပဲ အထောက်အကူ ဖြစ်စေရန်။
• ကမ္ဘာလှည့်ခရီးသည်များအနေနှင့် မိမိတို့နိုင်ငံသို့ပြန်ရောက်သောအခါ SHWEDAGON Media Kit (Map/Guide) ကိုအသုံးပြု၍ အခြားသောအသိမိတ်ဆွေများအား မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်ကြီးမှာ မြန်မာပြည်သို့ သွားကိုယ်တိုင်လည်းပြန်လာချင်စိတ်များ ဖြစ်ပေါ်လာစေရန်၊ ကြားသိရသောမိတ်ဆွေများလည်း လာရောက်လည်ပတ်ချင်စိတ်ဖြစ်ပေါ်လာစေရန်။
• SHWEDAGON Media Kit သည် မြန်မာနိုင်ငံကိုယ်စားပြုအမှတ်တရလက်ဆောင်အဖြစ်သာမက မြန်မာနိုင်ငံကိုယ်စား ကမ္ဘာလှည့်ခရီးသည်များကိုဖိတ်ခေါ်ကာ အာရှခရီးသွားလာရေးစျေးကွက်သာမက ကမ္ဘာ့ခရီးသွားလာရေးစျေးကွက်တွင်ပါ ပိုမိုထိရောက်စွာ ထိုးဖောက်နိုင်စေရန်။

ဗုဒ္ဓဘာသာနှင့်ထွန်းကားသောမြန်မာ့အမွေကို ရည်ရွယ်သောအားဖြင့် ကျွန်တော်တို့ HTUT Co.,Ltd မှ မြန်မာနိုင်ငံ၏ အထွတ်အမြတ်ဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်လေ့လာရာတွင် လက်တွေ့အသုံးပြုနိုင်သော လမ်းညွှန်စာအုပ်နှင့် ရွှေတိဂုံစေတီတော်ကြီး၏ ရုပ်ပြင်တော်တစ်ခုလုံးကို ကောင်းကင်ပေါ်မှ မြင်တွေ့ရသော မြန်မာနိုင်ငံတွင်ပထမဦးဆုံး ရွှေတိဂုံစေတီတော် 3D Map (Paper Size 27" x 17") ပါရှိသော SHWEDAGON Media Kit ကြီးကို ဂုဏ်ယူစွာဖြင့် HTUT Co.,Ltd မှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံ၏အထင်ရှားဆုံးနှင့် အထွတ်အမြတ်ဆုံးသောနေရာဖြစ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ရွှေတိဂုံစေတီတော်ကြီးကို မဖြစ်မနေဖူးမြော်ကြခြင်းတို့ကြောင့် မြန်မာ ဘာသာ အပြင် English, Chinese, Thailand ဘာသာများဖြင့် ထုတ်ဝေထားသောကြောင့် စိတ်ဝင်စားသော Travel & Tours Company များ၊ Tourist Guide များ၊ Transportation Company များ SHWEDAGON Media Kit ကို အထူးနှုန်းထားဖြင့် မှာယူနိုင်ပါသည်။

ရန်ကုန်မြို့အတွင်း (၁၀)စောင် အထက်မှာယူသော Customer များကိုလည်း အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

ရရှိနိုင်သောနေရာများ
City Mart, Myanmar Book Centre, အင်း၀, စာပေလောက, စာပေဗိမာန်, သစ္စာမဏ္ဍိုင် (ရွှေတိဂုံဘုရား တောင်ဘက်မုခ်), Shwedagon Item Souvenior Shop, Hotel & Tourism Counter (Ygn International Airport)

HTUT Address: Building A, Room(9A/8B), Hnin Si St, Highway Complex, Kamayut Tsp, Yangon, Myanmar. Hotline: 09 7312 4999, 09 7310 5687, 09 4303 2187
www.shwedagonmediakit.com www.facebook.com/ShwedagonMediaKit

တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊(Highway Complex) နှင်းဆီလမ်း၊ တိုက်(A)၊ အခန်း(9A) တွင်တည်ရှိသော HTUT COMPANY LIMITED ၊ ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၄၂၉၉/၂၀၁၂-၂၀၁၃(ယာယီ)၏ အောက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီတစ်ခု တည်း၏ မူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်အမှတ် -၁၇၃၀/၂၀၁၃ ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား

မှတ်ပုံတင်အမှတ်(၁၇၃၀/၂၀၁၃)

HTUT COMPANY LIMITED သည် "HTUT" ကုမ္ပဏီအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လမ်းညွှန်မြေပုံစာအုပ်အမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ "HTUT" တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်အမှုသည် HTUT COMPANY LIMITED ၏တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း၊ ယင်းတံဆိပ်အမှတ်အသားများကို တုပ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများမပြုရန်နှင့် ပြုလုပ်သူမည်သူ့ကိုမဆို တရားဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မူကွဲဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများနှင့် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်စေသည့် တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ မည်သူ့ကိုမဆို စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဦးချစ်ကိုကို
LL.B,H.G.P.,Dip in Business Law, Dip in Applied Psychology, Dip in Maritime Law
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

ဦးအောင်မြင့်ထွန်း	ဦးရေဇာဝင်း	ဦးအောင်ပြည့်ဖြိုးလွင်
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
စဉ်-၇၄၇၁	စဉ်-၃၉၆၀၃	စဉ်-၃၉၂၆၇

မြောက်ဥက္ကလာပ၌ အရက်သောက်ပြီး စကားများရန်ဖြစ်

ရန်ကုန် မေ ၂၃

မေ ၁၇ ရက်က အရက်သေစာ သောက်စားမှုးယစ်နေသူ သုံးဦးနှင့် အရက်သောက်ပြီး လမ်းလျှောက်လာသူတစ်ဦးတို့ စကားများခိုက်ရန်ဖြစ်ပွားသဖြင့် ဆေးရုံပို့လိုက်ရသည် ဖြစ်စဉ်တစ်ခု မြောက်ဥက္ကလာပ မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဥက္ကလာပ (၄)ရပ်ကွက် မြဥယျာဉ်စိုက်ပျိုးရေးခြံ သစ္စာပန်းလမ်း အမှတ် (၁၀၈) နေ ကုလားကြီး (ခ) တင်လှသည် အရက်သောက်ပြီး လမ်းလျှောက်ပြန်လာစဉ် မြောက်ဥက္ကလာ ဝေဘာဂီလမ်းနှင့် သန္တာလမ်းထိပ် ကားကြီးဂိတ်အရောက်၌ အရက်သေစာသောက်စားမှုးယစ်နေသည် သန်းလှ၊ စိန်ဝင်း၊ ဝင်းရွှေတို့နှင့်တွေ့ပြီး စကားများခိုက်ရန်ဖြစ်ပွားကာ မှုးယစ်နေသူ သုံးဦးမှ စကေဘာဖြင့်ထိုး၍ ကုလားကြီး (ခ) တင်လှ၏ ဝဲနံကြားတွင် ထိုးသွင်းဒဏ်ရာရရှိသွား၍ မြောက်ဥက္ကလာပဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေရသည်။

ယင်းဖြစ်မှုနှင့် ပတ်သက်၍ မြောက်ဥက္ကလာ ဝေဘာဂီရဲစခန်း ရဲကင်းအမှတ်(၁)မှရဲကင်းမှူးရဲတပ်ကြပ် စိန်မင်း၊ နယ်ထိန်းရဲတပ်ကြပ် ခင်မောင်ကြူနှင့် ရဲတပ်ဖွဲ့ဝင်များက ဖြစ်မှုကျူးလွန်သူ သုံးဦးအနက် သန်းလှအား ဖမ်းဆီးရမိပြီး စိန်ဝင်း၊ ဝင်းရွှေတို့နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေသည်။ ဖြစ်ပွားရာနေရာမှ ရဲကင်းတစ်လက်၊ ဆောက်တစ်ခုတို့ကို သိမ်းဆည်းရမိပြီး ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ထွန်းဝင်း)

မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းလယ်ကျွန်းပေါ် တိမ်းမှောက်သည့် လိုက်အော့စ်ကား

မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၃၃၇/၃-၄ ကြားတွင် မေ ၁၉ ရက် နနက် ၉ နာရီက မိတ္ထီလာမှ မန္တလေးသို့ မဟာအောင်မြေမြို့နယ် နန်းအောင်မြေရပ်ကွက်နေ ကျော်ကျော်ဝေ (၄၁)နှစ်မောင်းနှင်သော ၈ဈ/----လိုက်အော့စ်အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ် တက်ရောက်တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ၁၂ ဦးအနက် မဟာအောင်မြေမြို့နယ်နေ တင်မာအေး(၂၅)နှစ်အပါအဝင် အမျိုးသမီး ၁၀ ဦးတွင် နှာခေါင်းသွေးထွက်၊ မျက်ခုံးပွန်းပဲ့၊ လက်နှင့် ခြေထောက်ပွန်းပဲ့၊ ဦးခေါင်းဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် တံတားဦးမြို့နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ကာ ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်ကျော်ဝေအား အမြန်လမ်း ရဲစခန်းက ယာဉ်(ပ) ၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၅၃)

ကြံကြံဖန်ဖန် ဓာတ်ကြိုးကိုင်သည့် ပန်းရန်လုပ်သား

ဝါးခယ်မ မေ ၂၃

ဝါးခယ်မမြို့နယ် အုန်းပင်ကျေးရွာရှိ အကယ်ဒမီဆန်စက်အတွင်း၌ မေ ၉ ရက် နနက် ၉ နာရီခန့်က ကွန်ကရစ်ခင်းနေသော ပန်းရန်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံးသွားကြောင်း သတင်းရသဖြင့် ကျုံမငေးရဲစခန်းမှ ရဲအုပ်ဝင်းနိုင်စိုးနှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာ အုန်းပင်ကျေးရွာ အကယ်ဒမီဆန်စက်အတွင်းသို့ သွားရောက်စစ်ဆေးရာ ဆန်စက်အတွင်း ကွန်ကရစ်ခင်းသည့် ပန်းရန်အဖွဲ့မှ ပန်းရန်လုပ်သား ဦးအေးဝင်း (၅၀)နှစ်သည် ဖောင်ဒေးရှင်းခင်းသည့်လျှပ်စစ်တုန်ခါစက်အသုံးပြုရန် ဓာတ်ကြိုးကိုပလပ်ပေါက်သို့ထိုးလိုက်စဉ် ရေစိုနေသောလက်ကြောင့် ဓာတ်လိုက်သေဆုံးခြင်းဖြစ်ပြီး သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၁၂)

အထက်မြန်မာပြည်သတင်း

အညာဒေသတစ်ခွင် လူငယ်လူရွယ်အများစု မြို့ပြသို့ ရွှေ့ပြောင်းအခြေချလုပ်ကိုင်မှုများပြားလာ

ပခုက္ကူ ဧပြီ ၂၃

ပခုက္ကူခရိုင် ရေစကြို၊ မြိုင်၊ပခုက္ကူ ပေါက်နယ်ဒေသများတွင် ထန်းတောပေါင်း ၅၀၀၀ကျော်၊ ထန်းပင်ပေါင်း တစ်သိန်းခန့်ရှိသည်။

ပခုက္ကူနယ်နှင့် ရေစကြိုနယ်များဖြစ်သော သဲတော၊ ကျောက်လှေခါး၊ ဥက္ကံ၊ ထန်းငယ်တော၊ ကွမ်းစီကန်၊ ကျောက်ထပ်၊ မြေခဲတောင်၊ တောင်အိုး၊ ချင်းယားကုန်း၊ ပခန်းငယ်၊ ဆင်တန့်နားစသည့် ကျေးရွာများ၌ ထန်းတက်ခြင်း၊ ထန်းလျက်ချက်ခြင်းလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်ကြသည်။ ပခုက္ကူမြို့နယ် သဲတောရွာဝန်းကျင်တွင် ထန်းပင်ပေါင်း ၁၀၀၀ကျော်ရှိပြီး နေ့စဉ်ထန်းရာသီအတွင်း ထန်းလျက်အချိန်ပိဿာ ၁၀၀ ထွက်ရှိကြောင်း၊ အကြမ်းခံထန်းလျက်မဟုတ်ဘဲ စားထန်းလျက်ဖြစ်ကြောင်း၊ ထန်းရာသီသုံးလအတွင်းထန်းပိဿာချိန် သုံးသောင်းခန့်ထွက်ရှိပြီး အခြားဒေသများနှင့်ပေါင်းစပ်လျက် ပခုက္ကူခရိုင်အတွင်း ထန်းပိဿာချိန် ငါးသိန်းခန့်ထွက်ရှိကြောင်း သိရသည်။ ဒေသထွက်ထန်းလျက်ဈေးနှုန်းမှာ သင်္ကြန်ကာလအတွင်း တစ်ပိဿာ ကျပ် ၅၅၀ နှုန်းပေါက်လျက်ရှိသည်။

ထန်းရာသီကုန်ဆုံးပါက ထန်းတက်သမားအများစုသည် မြစ်ဝကျွန်းပေါ်၊ ရန်ကုန်၊ မွန်ပြည်နယ်နှင့် နယ်အစုံသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသည်။

"ထန်းတက်သမားတွေကို ထန်းပိုင်ရှင်က လေးရက်တစ်ရက်နှုန်းလုပ်ခွင့်ပေးထားပေမယ့် ထန်းတက်သူကရှားသွားပြီ၊ ရွာတွေမှာက ကလေးတွေနဲ့ အဘိုးကြီး အဘွားကြီးတွေပဲရှိတာများတယ်၊ သင်္ကြန်တွင်းနဲ့ ရွာဘုရားပွဲချိန်ပဲ လူစုံတက်စုံရှိကြတာများတယ်၊ လူငယ်လူရွယ်အများစုက ရေကြည်ရာမြက်နုရာရှာပြီး လုပ်ကိုင်ကြတာများတယ်၊ ပြည်တွင်းမှာ အလုပ်အကိုင်ကောင်းတဲ့ ရေနံမြော်တွေ၊ နယ်စပ်ဒေသတွေ၊ မြို့ကြီး ပြကြီးတွေဆီရယ်၊ ကိုရီးယားရယ်၊မလေးရှားနိုင်ငံတွေရယ်သွားရောက်လုပ်ကိုင်ကြတာများတယ်၊ ၂၀၀၀ ခုနှစ် နောက်ပိုင်းထန်းတက်တဲ့သူတွေ မရှိသလောက်ရှားသွားပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

အညာဒေသတစ်ခွင် လူငယ်လူရွယ်အများစုသည် တောင်ယာလုပ်ငန်းများကို စွန့်ခွာ၍ မြို့ပြဒေသဆီသို့ အလုပ်အကိုင်ပြောင်းရွှေ့အခြေချမှုများလာခြင်းအပေါ် စီးပွားရေးပညာရှင်များက စိုးရိမ်မကင်းဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် အထူးလုပ်ဆောင်ပေးသင့်ကြောင်း ပြောကြားသည်။

(နေဦးမောင်-ပခုက္ကူ)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်

စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
- (က) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း(အမ်ဘီအေ) အမှတ်စဉ်(၁၀) သင်တန်းနှင့်
- (ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်း(အမ်ပီအေ) အမှတ်စဉ်(၁၀)သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
- (က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူမဖြစ်စေရ။
- (ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- (င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ၂၅-၃-၂၀၁၃ ရက်မှစ၍ သင်တန်းရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၈-၅-၂၀၁၃ ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
- (က) ဒုတိယပါမောက္ခချုပ်ရုံးခန်း ဖုန်း-၀၆၄-၃၉၂၈၅ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
- (ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန ဖုန်း-၀၆၄-၃၉၂၇၈ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
- (ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(အေးဇော်)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ခ/၃၀၇၃၊ Super Mandalar SM 011 Jeep(4x2)L၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်မင်း[၉/မရမ(နိုင်)၀၇၉၁၄၉] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဃ/၅၄၄၉၂၊ Honda (China) m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်အေးသွယ် [၉/ခအဇ(နိုင်)၀၀၂၄၇၀] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

မန္တလေးမြို့တွင် အိမ်ခြံမြေဈေးကွက်အရောင်းအဝယ်အေး မြို့သစ်မြေကွက်များ ဈေးမြင့်တက်

မန္တလေး ဧပြီ ၂၃

မန္တလေးမြို့တွင်းဧရိယာ (၂၆)လမ်းမှ (၃၅)လမ်း၊ (၇၃)လမ်းမှ(၈၄)လမ်း အတွင်းရှိ ကျပ်သိန်း သုံးထောင်မှ ကျပ်သိန်းတစ်သောင်းကျော် မြေကွက်များ သင်္ကြန်ကာလနောက်ပိုင်းအရောင်းအဝယ်အေးလျက်ရှိပြီး ရွှေဈေးနှုန်း မတည်ငြိမ်မှုကြောင့် ငွေကြေးကစားသူများ မြေအရောင်းအဝယ်ဘက်သို့ ဦးလှည့်လာနိုင်ကြောင်း ပွဲစားများကသုံးသပ်ကြသည်။ မန္တလေးမြို့ (၆၂)လမ်းအားတောင်၊ မြောက်တစ်ဆက်တည်း ပေ ၄၀ အကျယ်လမ်းမကြီး ထပ်ပိုးလွှာတင်ကတ္တရာလမ်းဖောက်လုပ်လျက်ရှိရာ (၆၂)လမ်း၊ လမ်းဝဲ၊ ယာမြေကွက်များ ကျပ်သိန်း ငါးထောင်အထိ ဈေးပေါက်လျက်ရှိသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲများကျင်းပမည့် အားကစားကွင်းသစ်ကြီးအနီး (၇၃) လမ်း၊ (၆၈) လမ်းဗိုလ်ချုပ်ရွာတွင် ပေ ၈၀×ပေ ၆၀ အဆောက်အအုံပါမြေကွက်များ ကျပ်သိန်း ၈၀၀၀ အထိ ပေါက်ဈေးရှိသည်။ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)၊ (၂)ရပ်ကွက်များလည်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အိမ်မြေဈေးကွက်များ မြင့်တက်လာရာ ပေ ၄၀× ပေ ၆၀ မြေတစ်ကွက် ကျပ်သိန်း ၁၅၀၀ မှ ကျပ်သိန်း ၃၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

သီဟကိုကို(မန္တလေး)

စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီးကို တည်ခဲ့သော မုံရွာမြို့သား ပန်းရန်ဗိသုကာအတတ်ပညာရှင် ညီအစ်ကိုလေးဦး

မုံရွာ ဧပြီ ၂၃

ခေတ်အဆက်ဆက် တိမ်ကောပပျောက်သွားခြင်းမရှိဘဲ မိဘဘိုးဘွားမျိုးရိုးစဉ်ဆက် အဆင့်ဆင့်တတ်ကျွမ်းထူးချွန်ကြသည့်ဆရာများ ရှိသကဲ့သို့ ဆရာကြီးများထံမှ တပည့်ခံ၍ ပညာအမွေသင်ယူကာ လုပ်ကိုင်စားသောက်တတ်မြောက်ကြသူများလည်း ရှိပြီး ပန်းရန်ဗိသုကာအတတ်ပညာကို လေ့လာလိုက်စား တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြသူများလည်း မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်တွင် ရှိနေကြကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။ ထိုနည်းတူ မုံရွာမြို့တွင်လည်း ရှေးယခင်မှသည် ယနေ့ထက်တိုင် ထူးချွန်တတ်ကျွမ်းသည့် ပန်းရန်ဗိသုကာအတတ်ပညာရှင်များ အစဉ်အဆက်ပေါ်ထွန်းလာခဲ့ရာ သက္ကရာဇ် ၉၉၁ ခုနှစ်တွင် အင်းဝမြို့နန်းကို သိမ်းမြန်းစိုးစံတော်မူသော သာလွန်မင်းတရားကြီး လက်ထက်တော်ကပင် မုံရွာမြို့မှ ထူးချွန်တတ်ကျွမ်းသော ပန်းရန်ဗိသုကာအကျော် အနုပညာရှင်ကြီး ညီအစ်ကိုလေးဦး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လေးဦးမှာ(၁) ဘိုးသာရောက်၊ (၂)ဘိုးသာမုန်း၊ (၃)ဘိုးရွှေမင်းနှင့် (၄)ဘိုးဦးဂါတို့ဖြစ်သည်။ ထိုညီအစ်ကိုပညာရှင်ကြီး လေးဦးတို့သည် အလုံဇာတိဖြစ်ပြီး မုံရွာတွင် ကြီးပြင်းလာခဲ့ကြသူ မုံရွာသားများဖြစ်ပြီး စစ်ကိုင်းမြို့ မုံရွာ-မန္တလေးသွားကားလမ်းဘေးမှ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီးကို ညီအစ်ကိုလေးဦးတည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သာလွန်မင်းတရားကြီးသည် သက္ကရာဇ် ၉၉၈ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့တွင် ကောင်းမှုတော်စေတီတော်ကြီးအား ညီအစ်ကိုလေးဦးကိုခေါ်ယူတည်ထားတော်မူခဲ့ကြောင်း သမိုင်းတွင် တွေ့ရသည်။ ကောင်းမှုတော်စေတီတော်ကြီးကို ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ အပါအဝင် အုတ်ချပ်ရေပေါင်း တစ်ကုဋေ တစ်သိန်း နှစ်သောင်း ခြောက်ထောင် ငါးရာငါးဆယ်နှစ်ချပ်တို့ဖြင့် မုံရွာသား ပန်းရန်ပညာရှင် ညီအစ်ကိုလေးဦးတို့က သာလွန်မင်းကြီး အလိုတော်ကျ ပြီးမြောက်အောင်မြင်ရေးအတွက် ဤမျှထုထည်ကြီးမားလှသည့် ဘုရားစေတီတော်ကြီးကို ၁၂ နှစ်ကြာအချိန်ကာလဖြင့် အပြီးတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ဤကောင်းမှုတော်စေတီတော်ကြီးကို ၁၂ နှစ်ကြာမျှ တည်ဆောက်စဉ်ကာလ ပန်းရန်ဗိသုကာပညာရှင်ညီအစ်ကိုလေးဦးတို့အား လက်ခလုပ်အားခလစာမည်ရွေ့မည်မျှပေးသည်ကို မတွေ့ရသော်လည်း ၎င်းတို့၏ မိခိုသူအားလုံး နေ့စဉ်စားသောက်နေထိုင်ရေးအတွက် အခါအားလျော်စွာ ပေးကမ်းချီးမြှင့်ပြီး ရံဖန်ရံခါ ၎င်းတို့၏ အနုပညာစွမ်းအားကို အားရကျေနပ်တော်မူသည့်အခါများတွင် ငွေကွမ်းအစ်၊ ငွေထိုးဘူး၊ ခါးသာပိတ်အစရှိသည်တို့ကို ဆုတော်လာဘ်တော်အဖြစ်ပေးအပ်ချီးမြှင့်တော်မူလေ့ရှိကြောင်း သိရသည်။ နောင်အခါ ၎င်းတို့ ညီအစ်ကိုလေးဦးတို့သည် မုံရွာမှ တစ်ဆင့် စလင်းမြို့ တယ်ဘိုကန်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သွားကြကြောင်း၊ ၎င်းတို့၏ ပန်းရန်ဗိသုကာ အနုပညာစွမ်းရည်ကို ချီးမြှင့်သည့်အနေဖြင့် ကျေးရွာများကိုအသီးသီး အပိုင်စားပေးလျက် ရွာစားအဖြစ်ချီးမြှင့်တော်မူသည်။ အပိုင်စားပေးအပ်ချီးမြှင့်သော ကျေးရွာများတွင် စလင်းမြို့နယ်အတွင်း တယ်ဘိုကန်ရွာ၊ ဝန်မနားရွာ၊ ညောင်လက်တိုရွာ၊ ထိန်ကုန်းရွာ၊ ထန်းဖူးတောရွာတို့ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

ပဲခူး ဥဿာမြို့သစ်၌ အခမဲ့ဆေးဝါးကုသပေး

ပဲခူး ဧပြီ ၂၃

ပဲခူးမြို့ ဥဿာမြို့သစ် (၁၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးရှိ မြတ်မေတ္တာစေတနာ အခမဲ့ဆေးခန်း၌ ဧပြီ ၂၁ရက်မှ ၂၃ ရက်အထိ လည်ပင်းကြီးရောဂါ၊ မျက်စိရောဂါ၊ မုတ်ရောဂါများကို ခွဲစိတ်အထူးကုပါရဂူ ဒေါက်တာစောဆိုင်မွန်ဘော ဦးဆောင်သော ခွဲစိတ်ပါရဂူအဖွဲ့က တာဝန်ယူ၍ ကုသပေးပြီး **(အပေါ်ပုံ)** ဆေးဝါးကုသမှုကုန်ကျစရိတ်များကို မြတ်မေတ္တာစေတနာအခမဲ့ ဆေးခန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစီးသော ဆရာစောဆေးဟယ်တို့အဖွဲ့က တာဝန်ယူမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်ပိုင်က ပြောပြပြီး အနယ်နယ်အရပ်ရပ်မှ မည်သူမဆို အခမဲ့ခွဲစိတ်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

(မင်းသစ္စာ- ပဲခူး)

ရွှေခြင်္သေ့မင်းအာမှတ်တံဆိပ်
အစာအိမ်လေနိုင်ဆေး

အစာမကြေ၊ လေထိုးလေအောင့်ခြင်း၊ အစားများပြီးအောင့်ခြင်း၊
အဆာခံလွန်း၍ အောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း
ကွမ်းနှင့် လက်ဖက်ရည် အပြစ်အားသုံး၍ လေနာရောဂါ ခွဲကပ်နေသူများ
ရွှေခြင်္သေ့မင်း ကိုဆောင်ထား။

ပင်ရင်း ရွှေခြင်္သေ့မင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၃၁၄)၊၃၇-၈၄လမ်း၊တောင်မန္တလေးမြို့ ☎ ၀၂-၇၂၂၅၈ 📱 ၀၉-၂၀၀၂၃၈၉

ပြည်တွင်းရေးရာ

ရှမ်းပြည်နယ်အတွက် တာဝန်ကျေခဲ့သည့် သီပေါမြို့မှ ရတနာသီဟ သတင်းစာ

သတင်းမှတ်စု - စိုင်းသာလှိုင်(လီမွော်မြေ)
ဓာတ်ပုံ - စိုင်း(သီပေါ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် ဘာသာ၊ သာသနာနှင့် စာပေယဉ်ကျေးမှုအစဉ်အလာကြီးမားခဲ့သော မြို့ဖြစ်သည်နှင့်အညီ လွန်ခဲ့သည့် နှစ် ၈၀ ကျော်ကြာမြင့်ခဲ့သည့်တာလ "ရတနာသီဟ"အမည်ရှိသတင်းစာတစ်စောင်ကို မြန်မာစာပေဖြင့် ရှစ်နှစ်တိုင် သီပေါမြို့မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

အဆိုပါ"ရတနာသီဟ"သတင်းစာတွင် ဆရာဦးသိန်းဖေမြင့်၊ ဆရာဒဂုန်တာရာ စသည့် နိုင်ငံကျော်စာရေးဆရာကြီးများကိုယ်တိုင် ပါဝင်ရေးသား ကလောင်သွေးသွားခဲ့ကြခြင်းဖြစ်၍ စာပေသမိုင်း၊ စာပေစင်မြင့်အတွက် လေ့ကား ထစ်ထေးတစ်ခုဖြစ်ခဲ့ပေသည်။

"ရတနာသီဟ"သတင်းစာထုတ်ဝေမှုနှင့်ပတ်သက်၍ ၎င်း၏သမိုင်းကြောင်းကို တူးဆွဖော်ထုတ်ရေးသားရန် စာပေရှောင်းရင်း အပေါင်းအသင်းများ၏ တိုက်တွန်းမှုဖြင့် ယခုကဲ့သို့ ရေးသားတင်ပြရခြင်းဖြစ်ပေသည်။

ရတနာသီဟ သတင်းစာ၏ခရီးအစ

စော်ဘွားကြီးဆာစောချယ်၏ သားတော်စော်ဘွားစောကြာအုံလက်ထက်တွင် သီပေါမြို့မှ လိမ္မော်ကုန်သည်ကြီးတစ်ဦးဖြစ်သူ ဦးစံရာအမည်ရှိ ပုဂ္ဂိုလ်သည် ရန်ကုန်မှ ရရန်ရှိသော ကြွေးမြီအတွက် စာပုံနှိပ်စက်တစ်လုံးကို ခုနှိမ်ယူဆောင်လာတာ သီပေါဈေးကြီး၏မြောက်ဘက်ရှိ (ယခုမြို့နယ် သမဝါယမဦးစီးဌာန)တည်ရာနေရာ ဦးစံရာပိုင် ၎င်း၏အိမ်တွင် "ရတနာသီဟ"ဟူသော စာပုံနှိပ်စက်တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ စမ်းသပ်ထုတ်ဝေမှုအနေဖြင့် ပြည်မဒေသမှ ရှမ်းပြည်နယ်သို့တိမ်းရှောင်လာသော ဂျွန်ဆရာစံ၏ ထုပ်ရှားမှုများကို သတင်းအဖြစ်ရေးသားပြီး စာမျက်နှာ ၁၄ မျက်နှာရှိ ခေါင်းစဉ်အမည်မပါသော နှစ်မြားတန် စာစောင်ကို နေ့စဉ်ထုတ်ဝေဖြန့်ချိသည်။ တစ်လခန့်ကြာသောအခါ စော်ဘွားကြီးစောကြာအုံ၏ငွေကြေးထောက်ပံ့အားပေးမှုကြောင့် "ရတနာသီဟ" စာပုံနှိပ်စက်မှဝန်ထမ်း



ဦးရေကို ဖိုမင် တစ်ဦး၊ စာစီ သုံးဦး၊ စက်ရိုက် သုံးဦး အထိတိုးမြှင့်ခန့်ထားပြီး ဆင်မြူရယ်တမ္ပဏီမှ ဖြူးမြို့သား ဒါရိုက်တာ စာရေးဆရာ ဆရာမြင့်ကိုအယ်ဒီတာအဖြစ် ခေါ်ယူဆောင်ရွက်သည်။ "ရတနာသီဟ" သတင်းစာကို ၁၂၉၃ ခုနှစ် ဒုတိယဝါဆိုလမြည်ကျော် ၁ ရက်နေ့တွင် ဦးစံရာစာပုံနှိပ်တိုက်မှ စာမျက်နှာ ၁၂ မျက်နှာ ရောင်းဈေး ငါးပြားသတ်မှတ်လျက် ငါးရက်တစ်ကြိမ် ထုတ်ဝေခဲ့သည်။

ထိုသို့ "ရတနာသီဟ"ဟု အမည်နာမပြုလျက် သတင်းစာအဖြစ် တိုးမြင့်ထုတ်ဝေရာတွင် ဆရာစံ၏ သတင်းများသာမက ကုန်ဈေးနှုန်းသတင်း၊ ရှမ်းကလေးပျော်တော်ဆက်ဟာသ စာပေ၊ ဆောင်းပါး၊ ဝတ္ထု၊ လေးချိုး၊ ဒွေးချိုး၊ တေးထပ်များပါ ဖြည့်စွက်ထည့်သွင်းပြီး ဘလောက်ရုပ်ပုံများနှင့်တကွဖော်ပြကာ ငါးရက် တစ်ကြိမ်ထုတ် ငါးပြားတန် "ရတနာသီဟ" သတင်းစာကို ရှမ်းပြည်နယ် တစ်နယ်လုံးသို့ သက်ဆိုင်ရာ တိုက်သူကြီးများမှ တစ်ဆင့် ဖြန့်ဝေရောင်းချစေခဲ့သည်။

"ရတနာသီဟ" သတင်းစာကို ပထမဦးစွာ ဖြူးမြို့သား ဒါရိုက်တာ စာရေးဆရာ ဆရာမြင့်က အယ်ဒီတာအဖြစ် နှစ်နှစ်ဆောင်ရွက်ခဲ့ပြီး ဆရာမြင့်မရှိတော့သည့်နောက် မန္တလေးမှ ဦးအုံးမြင့်ကို ဆက်သွယ်ခေါ်ယူကာ အယ်ဒီတာအဖြစ် ဆက်လက်ဆောင်ရွက်ထုတ်ဝေခဲ့သည်။ ဦးအုံးမြင့်လက်ထက်တွင် သတင်းစာဟု အမည်ခံထားသော်လည်း ဂျာနယ်မဂ္ဂဇင်း ဆန်ဆန်ထုတ်ဝေခဲ့သည်။

ငါးရက်တစ်ကြိမ်ထုတ်ဝေခဲ့သည့် "ရတနာသီဟ" သတင်းစာ၏ ရှစ်နှစ်တာလသက်တမ်းအတွင်း ပါဝင်ရေးသားခဲ့ကြသူများမှာ (၁) ဆရာမြင့်၊ (၂) ဦးအုံးမြင့်၊ (၃) ဆရာတင်(နန်းတော်ရှေ့မဟုတ်)၊ (၄) ရှမ်းကလေး၊ (၅) ခင်မောင်၊ (၆) အမိန့်တော်ရဦးပွား၊ (၇) သာသနာရေးဝန် ဦးမောင်မောင်၊ (၈) ပွဲစားဦးမြ၊ (၉) နန်းတော်ရှေ့ဆရာတင်တို့ဖြစ်ပြီး အမျိုးသမီးစာရေးဆရာမများ တထည်း ကြိုးကြားကြိုးကြား ပါဝင်ရေးသားကြကာ ဒဂုန်တာရာ၊ ဦးသိန်းဖေမြင့်တို့သည်လည်း ဆောင်းပါးများရေးသား၍ ကလောင်သွေးခဲ့ကြသည်။

"ရတနာသီဟ"သတင်းစာကို စော်ဘွားကြီးစောကြာအုံကိုယ်တိုင်ငွေကြေးအထောက်အပံ့နှင့် ကူညီဖြန့်ချိပေးခဲ့သော်လည်း အောက်ခြေပြည်သူလူထုအတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်မဝင်ရောက်နိုင်ခြင်း၊ သတင်းစာလုပ်ငန်းအတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် သတင်းစာထုတ်ဝေဖြန့်ချိမှုမှာ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။

"ရတနာသီဟ"သတင်းစာသည် ရှမ်းပြည်နယ်ပြည်သူလူထုကို စာပေအသိ၊ စာပေတာဝန်ကျေပွန်စွာဖြင့် ပြည်သူတို့အတွက် တစ်စွန်းတစ်စထမ်းပြရွေ့ဆောင်လျက် ပြည်သူတို့၏ နား၊ မျက်စိ၊ ပြည်သူတို့၏ပါးစပ်အဖြစ် ရှစ်နှစ်ကျော်ကာလတိုင်အောင် ရပ်တည်ခဲ့ပြီး စော်ဘွားကြီးစောကြာအုံတွယ်လွန်၍ တစ်နှစ်အကြာတွင် ငွေကြေးထောက်ပံ့မည်သူမရှိတော့သဖြင့် ၁၃၀၁ ခုနှစ်တွင် "ရတနာသီဟ" သတင်းစာကို ရပ်ဆိုင်းလိုက်ရာ ရှမ်းပြည်နယ်ကို အထင်းဆောင် အသရေမြှင့်ခဲ့သည့် စာပေပန်းတစ်ပွင့်ကြွေလွင့်ခြင်းဖြစ်သည်ဟု ရှုမြင်ခံစားမိပါတော့သတည်း။ ။

ထားဝယ်မြို့နယ် ၂၀၁၃ ခုနှစ် အခြေခံပညာစာမေးပွဲအောင်စာရင်းများကို မေ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများသည် အောင်စာရင်းထုတ်ပြန်မှုအား ကြည့်ရှုကြစဉ်။
(ဇ၅၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအိမ်ရာစခန်းမှ ရန်ရှင်းလမ်းပေါ်ရှိ ခန့်မှန်းဧရိယာ (၂၀၀ပေ×၀၈၀ပေ)ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ရုံးခန်းနှင့် လူနေအိမ်များ ပါဝင်သော (Office and Residential Complex) အဆောက်အအုံအား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ဆောက်လုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၀၇-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၅၄၇နှင့် ၀၆၇-၄၀၇၃၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

စီးပွားပန်းခင်း ပညာရေးဝန် ဆောင်မှုလုပ်ငန်း 09-73009869 09-73013432 09-73028433

ပထမနှစ်မှ နောက်ဆုံးနှစ်ထိ **အဝေးသင်** တန်းခွဲများအားလုံး ကျောင်းအပ်လက်ခံပြီ
စီးပွားရေး | စီးပွားစီမံ | မြန်မာစာ | ဥပဒေ | E-မေဂျာ | ပထဝီဝင် | သမိုင်း | ဒဿနိက | အရှေ့တိုင်း | စိတ်ပညာ

(15.5.2013) အတွင်းအပ်နှံသူများ (10 %) Discount ရမည်

မြို့သစ် - (၃၈၃) (၄-ရွာ)၊ (၄၂) လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊
လှည်းတန်း - တိုက် (၂၃)၊ အခန်း(A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။

ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ရောင်းမည်

၁။ သုဝဏ္ဏပေါ် ဆန်းရပ်ကွက်၊ မွန်နီလမ်း(၂၀×၅၀) (၂)ထွက်ထဲ(၄၀×၅၀)မြေ အလွတ်ဂရန်အမည်ပေါက်(ရောင်း)
၂။ သုဝဏ္ဏပေါ် ဆန်းရပ်ကွက်မွန်နီလမ်း(၂၀×၅၀) မြေလွတ်မြေစက်(ဒြိုး) [illegible] မည်ပေါက်(ရောင်း)
၃။ ၈၀၀ယ္ဆက်တာပါကွန်ဒို ၁၃၈၀ sqft 2MBR 2BR [illegible](၂)လုံး 2A/C (၆)လွှာ (ရောင်း)
၄။ ပုဇွန်တောင်(၅၄)လမ်းစေတီဒီရိုမ့်(၁)ထပ် [illegible] sqft 1MBR [illegible] (ရောင်း)
၅။ [illegible] sqft 9000 [illegible] (ရောင်း/ငှား)
၆။ ပုဇွန်တောင်(၅၄)လမ်း [illegible] sqft 2MBR [illegible] ဆက်သွယ်ရန် Ph:092018086,0973203791

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ရုံးဝယ်ဆိုဒ်ဆောင်ရန်အတွက်
ယာဉ်ကြီးမောင်း(Mini Bus) ၅-ဦး
ယာဉ်မောင်းလိုင်စင် (င)လိုင်စင်ရှိရမည်။
ရန်ကုန်မြို့တွင်း လမ်းကြောင်းများ၊
ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
၂။ ကားကြီးမောင်း(Truck Crane, Container Box) ၃-ဦး
ယာဉ်မောင်းလိုင်စင် (င)လိုင်စင်ဖြစ်ရမည်။
နေရာဒေသမရွေးသွားရောက်တာဝန်
ထမ်းဆောင်နိုင်သူဖြစ်ရမည်။
ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
၃။ ကားပေါ့မောင်း(Light Truck) ၃-ဦး
ယာဉ်မောင်းလိုင်စင်(ခ)လိုင်စင်ဖြစ်ရမည်။
ရန်ကုန်မြို့တွင်းလမ်းကြောင်းများ၊
ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
၄။ လုံခြုံရေး (၂၀)ဦး
အသက်(၂၅)နှစ်မှ(၄၅)နှစ်အတွင်း
ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
အရက်၊ ဆေးလိပ်၊ ကွမ်းမသုံးစွဲသူဖြစ်ရမည်။
နေ့/ညတစ်လှည့်စီ တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာနှင့်အတူ မှတ်ပုံတင်၊ မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ယာဉ်မောင်းလိုင်စင် မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ဖြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံချက် (၆)ပေ အတွင်း မကြာသေးမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံတို့နှင့်အတူ(၁၀-၆-၂၀၁၃)နေ့ နောက်ဆုံးထား၍ Octagon International Services Co., Ltd. အမှတ် (၄၂-၄၇)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ နည်းပညာတက္ကသိုလ်လမ်းခွဲထိပ်၊ မြစ်မိုးရောင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

[illegible]

အမှတ်(၄၆) မြေညီထပ် (၂၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့
☎01-394727,01-399426,09-73009994, 096152521 (ပိတ်ရက်မရှိ)

Nature's Story
Trading Co.,ltd
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Nature's Story Trading Co.,Ltd သည် ကိုရီးယားနိုင်ငံရှိ Nature Republic Co., Ltd မှ ကိုရီးယားအလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချနေသော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

1. Products Manager (မ -၁ ဦး)
   - Products Knowledge & Customer Service နှင့်ပတ်သက်၍ Sales Team ကို Training ပေးနိုင်ရမည်။
2. Sales Executive (မ -၃ ဦး)
   - Sales Team ကို ဦးဆောင်နိုင်၍ ရောင်းအားမြှင့်တင်နိုင်ရမည်။
3. Sales Promoter (မ -၁၀ ဦး)
   - ရောင်းအားမြှင့်တင်နိုင်၍ ဝယ်ယူသူ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနိုင်ရမည်။
4. Marketing Executive (မ -၃ ဦး)
   - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး Marketing Diploma (သို့) Certificate ရရှိထားသူဖြစ်ရမည်။
5. Marketing Staff (မ -၅ ဦး)
   - ဈေးကွက်ရှာဖွေနိုင်၍ စကားပြော ချိုသာသွက်လက်ရမည်။
6. Driver (ကျား -၁ ဦး)
   - အသက်(၃၀)မှ (၄၅)နှစ်ကြား အသောက်အစား ကင်းရှင်းသူဖြစ်ရမည်။
   - ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၅)နှစ်ရှိ၍ မြို့တွင်းကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ SR-21,Sayarsan Steet,Bahan Township,Yangon.သို့ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးခင်မောင်စိုး-ဒေါ်မိုးမိုးအေးတို့၏သမီး မကေသီစိုး [၁၂/ဥကတ(နိုင်)၁၈၈၀၇၄]သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး ၀၀-၄-၂၀၁၃ရက်တွင် အိမ်မှဆင်းသွားပါသဖြင့် သား၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးခင်မောင်စိုး[၉/မနတ(နိုင်)၀၉၆၂၃၂]

ဆောင်းပါး

နှစ်သက်ဖွယ်ရာ တန်ခူးလရာသီပွဲတော်

ဒေါက်တာမောင်ဖြေ

တန်ခူးလသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် ထူးခြားမှုရှိသော ဝထမဆုံးလဖြစ်သည်။ ဤလတွင် ရက်ပေါင်း ၂၉ရက်ရှိသည်။ နာရီအားဖြင့် နေ့ ၃၀ နာရီ၊ ညဉ့် ၃၀ နာရီရှိသည်။ နေ့တာ ညတာတူမျှသော လ ဖြစ်၏။ ရာသီအလိုအားဖြင့် မိဿရာသီဟုခေါ် ဆို၏။ ဤလတွင် စိတြနက္ခတ်နှင့်စန်းယှဉ်ကာ အာသာ ဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ တံငါတာယာ ထွန်း၀၍ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံဖြစ်သည်။ ဖူးပွင့် သောရာသီဝန်းတို့မှာ ရင်ခတ်ဝန်း၊ ကံ့ကော်ဝန်း၊ ပိတောက် ဝန်းတို့ဖြစ်သည်။

တန်ခူးလကို ဝုဂံခေတ်ကျောက်စာတို့၌ ခေတ်ရေးထုံး အတိုင်းဝင် တန်ခုးလဟု ရေးထိုးခဲ့သော်လည်း ဝိသဇ္ဇနီ အရေးအသားပေါ် လာပြီဖြစ်သော အင်းဝခေတ်၌ “တန်ခူး”ဟုဝင် ရေးသားခဲ့ကြသည်ကို လေ့လာသိရှိရ သည်။ မင်းဇေယျရန္တမိတ်၏ ဝုရစ်ဖြာစီရတုတွင် “တန်ခူး ရာသီတိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီလိုင်ခဲ့ပြီ၊ သွန်းမြူးဖြာစီ အိုင်ခဲ့ပြီ”ဟု စပ်ဆိုထားသည်။

တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့၌လည်း “တန်ခူး”ဟုဝင် ရေးသားခဲ့ကြသည်။ နောက်ပိုင်းခေတ် ကာလများ၌မူ “တန်ခူး” “တာကူး”ဟု ရေးသားကြလေရာ “သတ်ထူး လက်ာသတ်ပုံစသည့် သတ်ပုံကျမ်းများ၌ဝင် “တန်တိုင်း၊ တန်ခူး၊ တန်တားဦး၊ မှတ်ကူးတန်ဆောင်ဝက်” ဟု ဝိသဇ္ဇနီမဲ့ဖြင့် ပြဆိုလာကြသည်။

“တန်ခူး”ဟူသည့် တန်းဝုဒ်မှာဝါဠိဘာသာ တာလ ဝုဒ်မှ သက်ဆင်းလာသည့်ဝုဒ်ဖြစ်သည်။ တာလဝုဒ်ကား “ထန်း”ဟု အဓိပ္ပာယ်ရ၏။ “ခူး”၏အဓိပ္ပာယ်ကား “ဝန်းခူး၊ ဟင်းရွက်ခူး၊ ဆွတ်ခူး”သည့်အလျောက် ဆွတ်ခြင်း၊ ခြေခြင်းဟု အဓိပ္ပာယ်ရသည်။ တန်ခူးလသည် ထန်းသီးကို ခူးသောလ၊ ထန်းသီးကို ဆွတ်ခြေသောလဟု ဆိုလို ကြောင်း မြန်မာလအမည်များစာအုပ်၌ ဖွင့်ဆိုထားဝေ သည်။ တန်ခူးအပြင် တာကူးဟူ၍လည်းရေးသားကြရာ “တာကူး”ဟုဆိုသော စကားရပ်မှာ အတာကူးမှ ဆင်းသက်လာသောဝုဒ်ဖြစ်ပြီး တာကူးလကို သင်္ကြန် အတာကူးပြောင်းသောကာလဟု ဝေါဟာရလီနတ္ထဒီဝနီ ကျမ်း၌ ဖော်ပြသည်။ တာဝန်လွဲပြောင်းကာလဟု ဝေါဟာရတ္ထဝကာသနီကျမ်းနှင့် ဝညာရှင်တချို့ကလည်း ဖော်ပြထားသည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသောလဟု အချို့ဝညာရှင်များကလည်း အသီးသီးဖွင့်ဆိုကြလေသည်။

တန်ခူးလပွဲတော်သည် သင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတိုင်းတွင် တန်ခူးလ သင်္ကြန်ပွဲတော်သည် ရိုးရာယုံကြည်မှုဆိုင်ရာ၊ သမိုင်း ဆိုင်ရာ နောက်ခံပုံပြင်ဝေါင်းမြောက်မြားစွာတို့ ရှိနေ ကြသည်။ သင်္ကြန်ပွဲနှင့်ဆိုင်သောပုံပြင်များစွာတို့မှာလည်း စိတ်ဝင်စားဖွယ်ရာဝင်ဖြစ်သည်။ ထိုအထဲတွင် သိကြား မင်းနှင့် ဗြဟ္မာမင်း နှစ်ဦးတို့သည် သင်္ချာဝုစ္ဆာတစ်ခု တွက်ချက်မှုကို အကြောင်းပြု၍ အငြင်းပွားကြသည်။ မည်သူ၏တွက်ချက်မှုက မှန်ကန်ကြောင်းကို အဆုံး အဖြတ်ရယူရန် လူပြည်တွင်ရှိသော ကဝိလမိုင်း ဆရာကြီးထံရောက်ရှိပြီး ဆရာကြီး၏ဆုံးဖြတ်ချက် အရ မှန်သောသူက မှားသောသူ၏ဦးခေါင်းကိုဖြတ်ရန် သဘောတူညီကြသည်။ ကဝိလမိုင်းဆရာကြီးသည် သိကြားမင်း၏တွက်ချက်မှုက မှန်ကန်ကြောင်း အဆုံး အဖြတ်ပေးလိုက်သည်။ သို့သော် သိကြားမင်းက ဦးခေါင်း မဖြတ်လို၊ သိကြားမင်းကအဓိဋ္ဌာန်ပြုကာ ဗြဟ္မာမင်း ဦးခေါင်းကို ဖြတ်စေ၏။

ဗြဟ္မာကြီး၏ ဦးခေါင်းပြတ်ကို လူပြည်သို့ဝစ်ချပါက လူလောကကြီးတစ်ခုလုံးပြာကျသွားနိုင်သည်။ ပင်လယ် သမုဒ္ဒရာတွင်ဝစ်ချပါကလည်း ရေများခန်းခြောက်သွား မည်။ မည်သည့်နေရာတွင်မျှ ထားရန်မသင့်တော်သော ကြောင့် နတ်သမီးခုနစ်ဖော်တို့အား တစ်လှည့်စီ ကိုင်ဆောင်ထားရန် တာဝန်ပေးထားသည်။ နေ့နံသင့် နတ်သမီး ခုနစ်ဖော်တို့သည် လူပြည်တွင် တစ်နှစ်တာ ဖြစ်ပြီး နတ်ပြည်၏တစ်ရက်ကျစီ ဗြဟ္မာကြီးဦးခေါင်းကို ကိုင်ဆောင်ကြရသည်။ ဗြဟ္မာကြီးဦးခေါင်းကို လွှဲပြောင်း ပေးလိုက်ရသောနတ်သမီးသည် တာဝန်ပြီးသွားပြီး လက်ခံ ယူရသော နတ်သမီးထံ တာဝန်ကျရောက်လာခြင်းဖြစ် သည်။ ဤသို့ဗြဟ္မာကြီးဦးခေါင်းလွှဲပြောင်းမှုပြုခြင်းကိုလည်း “သင်္ကြန်” ဟုခေါ် ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသေးသည်။

အချို့သောဗြဟ္မဏဝါဒီဝညာရှင်တို့က ကဝိလမိုင်း ဆရာကြီး ယူဆောင်လာသည့် ဝိဂ်လဆင်၏ဦးခေါင်းကို သိကြားမင်းက နတ်ရေစင်ဝက်ဖျန်းပြီး ဦးခေါင်းမဲ့နေသည့် ဗြဟ္မာမင်း၏ကိုယ်တွင်တဝ်ဆင်လိုက်သောအခါ မဟာ ဝိန္နေနတ်အဖြစ် အသက်ရှင်လာသည်ဆို၏။ ဤအယူ အဆမှာ သင်္ကြန်ရေသည် အသက်ကို ရှင်စေ၊ ရှည်စေ သော အာယုဒီဃဘိသိက်ရေစင်ဖြစ်ပြီး အသက်ရှည်စေရန် ဝက်ဖျန်းသွန်းလောင်းကြခြင်းဖြစ်သည်ဟု ယူဆခြင်းဖြစ် သည်။

တနင်္ဂနွေဂြိုဟ်မင်းရာသီပြောင်းခြင်းကိုစွဲ၍လည်းကောင်း၊ ဗြဟ္မာမင်း၏ ဦးခေါင်းပြောင်းခြင်းကိုစွဲ၍လည်းကောင်း၊ ဝညာရှင်တို့က သင်္ကြန်ပွဲတော်ဖြစ်ပေါ် လာရခြင်းကို အနက် ဖွင့်ဆိုကြသည်။ “သင်္ကြန်” ဟူသောဝေါဟာရမှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းအဓိပ္ပာယ်လည်း သက်ဝင်လျက်ရှိ၏။ နှစ်သာလျှင် ပြောင်းလဲသည် မဟုတ်၊ ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေကာ သစ်ဝင် ဝန်းဝင်များလည်း ဖူးပွင့်ဝေဆာပြောင်းလဲနေကြသည်ကို မြင်တွေ့ရသည်။

သင်္ကြန်ဟူသောဝေါဟာရကိုတချို့သောဝညာရှင်များက မြန်မာစကားစစ်စစ်ဖြစ်သည်ဆို၏။ ကောင်းကျိုးမင်္ဂလာ ကြံ့အင်လက္ခဏာတိုးပွားလာစေရန် သုတ်သင်ဆေးကြော ခြင်းအနက် ထွက်သည်ဆို၏။ဤအဆိုအမိန့်ကို အထောက် အထားပြုကာ ရှေးမြန်မာဘုရင်များသည် ဦးခေါင်းဆေး လျှော်သည်ကို သင်္ကြန်ခေါ် သည်ဟု သုံးနှုန်းလေ့ရှိခြင်းဝင် ဖြစ်သည်။ ဤသည်ကိုထောက်ရှုသော် သင်္ကြန်အခါ ခေါင်းဆေးခြင်း၊ ရေဝက်ကစားခြင်းတို့သည် အဆိုးပျောက်ပြီး အကောင်းရောက်စေရန် ရည်သန်၍ မကောင်းမှုဟူသမျှကို ဆေးကြောသန့်စင်သည့်သဘောဝင်ဖြစ်၏။

ကဝိလဝတ်ပြည်တွင်နေကြသော သကျသာကီဝင် မင်းမျိုးတို့သည် သင်္ကြန်အချိန်တွင် ရေအိုင်ကြီးအနီး မင်းတဲ ဆောက်လုပ်၍ ရေဖျန်းသဘင်ပျော်ရွှင်စွာကစားကြသည်။ ထိုရေအိုင်သည် သာကီဝင်မင်းတို့ရေကစားရာအိုင် ဖြစ်သောကြောင့် ဒေဝဒဟအမည်ရရှိခဲ့သည်။ နောင်အခါ တွင် ရေကစားလာသော သာကီဝင်မင်းတို့ ကဝိလဝတ် ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်အနီး၌ မင်းတဲများ ဆောက်လုပ်နေထိုင်ကြရာမှ ဒေဝဒဟတိုင်းပြည် တစ်ပြည်ဖြစ်လာခဲ့သည်ကို ဥဝရိဝဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်၌ ဖွင့်ဆိုထား၏။

နရသီဟဝတေ့(ခ) ဝုဂံမင်းသည် နန်းတော်မှမြစ်ဆိပ် အရောက် တဲနန်းဥမင်ဖြင့် ကြတော်မူပြီး မိဖုရား မောင်းမ မိဿံတို့နှင့်အတူ ရေသဘင်ဆင်ယင်ကျင်းဝကြောင်း မှန်နန်းရာဇဝင်တော်ကြီး၌ ပြဆိုထားသည်။

ခရစ်နှစ် ၁၇၉၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၅၇ ခုနှစ်တွင် ဝဲခူးမြို့၌ ကျင်းဝသောသင်္ကြန်ပွဲဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ဘိုးတော်မင်းတရား(ခေါ်) ပဒုံမင်းအုပ်စိုးသည်။ ရခိုင်ကိုသိမ်းပိုက်ပြီး နိုင်ငံ၏နယ် နိမိတ်သည် အနောက်ဘက်နတ်မြစ်အလွန် ယခုစစ် တကောင်းနယ်အတွင်းသို့ရောက်အောင် ကျယ်ပြန့်ခဲ့သည်။

ထိုစဉ်က ရခိုင်တိုင်းမှ ဗြိတိသျှပိုင်နက်အတွင်းသို့ ထွက်ပြေးခိုလှုံကြသော မြန်မာနိုင်ငံသားတို့၏အရေးနှင့် စပ်လျဉ်း၍ မြန်မာနှင့်ဗြိတိသျှတို့ နားလည်မှုလွဲမှားခြင်း ပေါ် ပေါက်ခဲ့သည်။

ထို့အပြင် အရေးနိမ့်ပြင်သစ်တို့သည် မြန်မာနိုင်ငံ၏ သင်္ဘောဆိပ်များကိုအခြေပြု၍ အိန္ဒိယရှိ ဗြိတိသျှတို့အား တိုက်ခိုက်ရန် လုံးဝန်းနေဆဲဖြစ်သည်။ ဗြိတိသျှတို့က မြန်မာတို့နှင့်နားလည်မှုလွဲနေသောပြဿနာကို ဖြေရှင်း လိုသည်။ ပြင်သစ်တို့အား မြန်မာနိုင်ငံသင်္ဘောဆိပ်တို့တွင် ခိုလှုံခြင်း၊ အခြေပြုခြင်းများမပြုစေလို။ မြန်မာနိုင်ငံနှင့် ချစ်ကြည်စွာကူးသန်းရောင်းဝယ်မှုကို တိုးတက်ပြုလုပ်ရန် လိုလားသည်။

ဗြိတိသျှတို့၏လိုလားချက်များရရှိအောင် ဗြိတိသျှ ဘုရင်ခံချုပ်သည် ကဝ္ပတိန်မိုက်ကယ်ဆိုင်းအား သံအချုပ် ခန့်၍ မြန်မာဘုရင် ဘိုးတော်မင်းတရားစံမြန်းရာ အင်းဝ မြို့သို့ ၁၇၉၅ ခုနှစ်တွင် စေလွှတ်ခဲ့သည်။

ထိုအခါက ရန်ကုန်သည် ဝဲခူးမြို့တော်ဝန်၏ အုပ်ချုပ်မှု အောက်တွင်ရှိသည်။ သံတမန်တို့၏ထုံးစံအတိုင်း ဘုရင် ရှေ့တော်မှောက်သို့မဝင်မီ အုပ်ချုပ်မှုအကြီးအကဲ ဖြစ်သော ဝဲခူးမြို့တော်ဝန်နှင့်တွေ့ဆုံပြီး အိန္ဒိယဘုရင် ခံချုပ်၏သဝဏ်လွှာကို ပေးအပ်ရမည်ဖြစ်၍ ဝဲခူးမြို့သို့ ရေကြောင်းဖြင့်လာခဲ့သည်။

မိုက်ကယ်ဆိုင်းသည် ဝဲခူးမြို့တွင် ကျင်းဝသည့် ခံညား လှဝသောဝွဲတော်များဖြစ်သည့် စစ်ရေးပြသဘင်၊ ရွှေမော် ဓောဘုရားဝွဲတော်ကြီးမှ လက်ဝှေ့ပွဲ၊ မီးရှူးမီးဝန်းလွှတ်ပွဲ၊ ဒုံးလွှတ်ပွဲများကို တအံ့တဩတက်ရောက် ကြည့်ရှုခွင့်ရရှိခဲ့ သည်။ ထို့အပြင် နှစ်သစ်ကူးအတာသင်္ကြန်ပွဲသဘင်တွင် လည်း ဝဲခူးမြို့တော်ဝန်နှင့်အတူ ဝါဝင်ဆင်နွှဲခဲ့သည်။

မိုက်ကယ်ဆိုင်းဝါဝင်ဆင်နွှဲခဲ့သော ဝဲခူးမြို့သင်္ကြန် သည် လွန်ခဲ့သောနှစ်ဝေါင်း ၂၁၈ နှစ်က ဖြစ်သည်။ နိုင်ငံခြားသားတစ်ဦး၏အမြင်ဖြင့် ရေးသားထားသော သူ၏အစီရင်ခံစာသည် စိတ်ဝင်စားဖွယ်ကောင်းလှ သည်။ အစီရင်ခံစာမှ ဆီလျော်သောအပိုင်းအချို့ကို ကောက်နုတ်၍ ဖော်ပြပါမည်။

“. . . ထိုအခိုက်တွင် ဝန်ကတော်သည် တံခါး ဝေါက်မှပေါ် လာသည်။ ရေကစားရာတွင် မိမိလည်းဝင်လို ကြောင်းပြောသည်။ မြို့တော်ဝန်၏ သမီးအကြီးဆုံးက စန္ဒကူးရည်ရောထားသော နှင်းဆီရည်ဖြင့် ဖခင်မြို့တော် ဝန်အား ရှေးဦးစွာဝက်ဖျန်းသည်။ ထို့နောက် ကျွန်ုပ်တို့ အား ဝက်ဖျန်းသည်”

ဝဲခူးမြို့တော်ဝန်၏သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရိုသေစွာကန်တော့ပုံနှင့် ရေဝတ် ဖျန်းပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ မြန်မာတို့ အနေဖြင့် ဂုဏ်ယူကြရဖွယ်ဖြစ်သည်။

